ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (20-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၂)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်းကားလမ်း မိုင်တိုင်အမှတ် ၄/ ၇ မှ ၅/၀ ကြားကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြုံ၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၁၃
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် သြဂုတ် ၂၀ ရက်
အယ်ဒီတာ့အာဘော်

အဖိုးတန်လူငယ်များဖြစ်လာစေရန် စနစ်တကျပြုစုပျိုးထောင်

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစတင်၍ နှစ်စဉ် သြဂုတ်လတစ်လလုံးကို "အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ"အဖြစ်သတ်မှတ်၍ ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိပြီး ရက်သတ္တပတ်လှုပ်ရှားမှုများအနက် သြဂုတ်လတတိယပတ်သည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားနှင့်ဗီတာမင်ဘီဝမ်းဆေးပြားများတိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များကို ဗီတာမင်ဘီဝမ်းဆေးပြားများတိုက်ကျွေးခြင်းတို့ကို ရက်သတ္တပတ်လှုပ်ရှားမှုတွင် ကျန်းမာရေးဝန်ကြီးဌာနက ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ရှိစဉ်ကာလအတွင်း ကိုယ်ဝန်ရှိကြောင်း စတင်သိရှိချိန်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တကျပုံမှန်ခံယူခြင်း၊ အာဟာရပြည့်ဝသောအစားအစာများ ရွေးချယ်စားသုံးခြင်း၊ ပုံမှန်စားနေကျထက် တစ်နပ်ပိုရ၍အာဟာရဓာတ်စုံလင်စွာ နေ့စဉ်စားသုံးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများကို ဆရာဝန်များ၏လမ်းညွှန်ချက်ဖြင့် မှီဝဲခြင်းတို့ကိုပြုလုပ်ရမည်။ မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများဖြစ်သော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲသော ကလေးမွေးဖွားခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေးမွေးဖွားခြင်း စသည်တို့မဖြစ်စေရန် ကိုယ်ဝန်ဆောင်မိခင်လောင်းဘဝတွင် ကျန်းမာရေးစောင့်ရှောက်မှုကို ကောင်းစွာခံယူရန် လိုအပ်သည်။

မိခင်ဝမ်းတွင်းသန္ဓေသားဘဝမှစ၍ အသက်နှစ်နှစ်အရွယ်အထိ ပထမရက် ၁၀၀၀ သည် ကလေးငယ်များအတွက် အာဟာရပြည့်ဝရန် အရေးကြီးသည်။ ထိုအရွယ်တွင် အာဟာရပြည့်ဝမှုမရှိပါက ဆယ်ကျော်သက်အရွယ်တွင် ကိုယ်ကာယဖွံ့ဖြိုးတိုးတက်မှုနည်းလိမ့်မည်။ ဘဝရှေ့ဆောင် ရက် ၁၀၀၀ တွင် အာဟာရပြည့်ဝခြင်းသည် ကျန်းမာရေးကောင်းမွန်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုများကိုတိုးတက်စေပြီး အနာဂတ်ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်သည်။ မိခင်နို့သည် ကလေးအတွက် ပထမဆုံးနှင့် အကောင်းဆုံးအစာအာဟာရဖြစ်ပြီး မွေးကင်းစအရွယ်မှ ကလေးအသက်ခြောက်လအရွယ်ထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်လိုအပ်ပြီး ခြောက်လပြည့်ပြီး နောက်တွင်အသက်အရွယ်အလိုက် သင့်တော်သည့်ဖြည့်စွက်စာနှင့် အတူ ကလေးအသက် နှစ်နှစ်အရွယ်ထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန်လိုပေသည်။

မွေးကင်းစအရွယ်မှစ၍ အာဟာရပြည့်ဝစွာ စနစ်တကျကျွေးမွေးပြုစုထားသည့် ကလေးငယ်သည် ကျောင်းနေစဉ်တွင်လည်း ပညာထူးချွန်သက့ဲသို့ အရွယ်ရောက်လာပါကလည်း ကျန်းမာကြံ့ခိုင်ပြီး မိသားစုအတွက်သာမက နိုင်ငံတော်အတွက် တန်ဖိုးရှိသော နိုင်ငံ့သားကောင်းများ ဖြစ်လာမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်းသာမက နို့တိုက်မိခင်ဘဝတွင်ပါ မိခင်ရောကလေး ကျန်းမာရေးသည် အရေးကြီးသည်။ မိခင်ကျန်းမာမှ ကလေးကျန်းမာမည်ဖြစ်၍ ကလေးဘဝတွင် အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်းပါက အသက်အရွယ်ကြီးသည့် အချိန်တွင်လည်း ကျန်းမာနေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်သောအနာဂတ်လူငယ်များပေါ်ထွက်လာစေရန်အတွက် အခြေခံကျပြီးအရေးပါသည့်အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာဖွံ့ဖြိုးပြီးစွမ်းဆောင်ရည်ရှိသော အဖိုးတန်လူငယ်များဖြစ်လာစေရန်အတွက် ဘဝရှေ့ဆောင် ရက် ၁၀၀၀ မှစ၍ စနစ်တကျပြုစုပျိုးထောင်ရန် လိုအပ်ပေသည်ဖြစ်ပေရာ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး တတိယရက်သတ္တပတ် လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်မှုများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ပွင့်ဖြူ သြဂုတ် ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၁၃၇၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံ ၉၅၂၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၇၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ပဲမျိုးစုံတွေက ပဲတီစိမ်း ၆၄၀၉ ဧက၊ ပဲစင်းငုံ ၆၆၁၁ ဧက၊ ပဲကြီး ဧက ၆၃၀၊ အခြားပဲ ၁၁၂ ဧကဖြစ်ပါတယ်။ ပဲသီးနှံတွေစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်း တိုးတက်စေဖို့၊ တောင်သူတွေကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေစနစ်တကျသုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖုလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲမျိုးစုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရမည်းသင်းခရိုင်အတွင်း မျိုးစေ့ချကိရိယာများပေးအပ်ပွဲ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားများသို့ တက်ရောက်

မန္တလေး သြဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး သြဂုတ် ၁၈ ရက် နံနက်ပိုင်းက ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာ ကွင်းအမှတ် (၁၁၆၂)တွင် ကျင်းပသည့် ဆက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)ပေးအပ်ပွဲနှင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲသို့ ရောက်ရှိကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) အလက် ၁၀၀ နှင့် သွင်းအားစုများကိုပေးအပ်ပြီး မိုးစပါးအောင်နိုင်တိုးမျိုးကို တောင်သူများ လက်ဆွဲမျိုးစေ့ချ ကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသမှုကို ကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က နည်းပညာတက္ကသိုလ်(ရမည်းသင်း)၌ ကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးသရုပ်ပြသခြင်း အခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ရောက်ရှိပြီး စွပ်ကျယ်များချုပ်လုပ်နေမှု၊ စောင်များ၊ လုံချည်များရက်လုပ်နေမှု၊ ခြင်ထောင်များ ချုပ်လုပ်နေမှုများကိုလိုက်လံကြည့်ရှုပြီးလိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ၛင်းနောက် စိုက်ပျိုးရေးသွင်းအားစုထုတ်လုပ်နေသည့် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ပြည်သာယာရပ်ကွက်ရှိ Glorious Morning Star ကွန်ပေါင်းဓာတ်မြေသြဇာနှင့် ရွက်ဖျန်းအာဟာရရည်၊ ရွက်ဖျန်းအမှုန့် ထုတ်လုပ်သည့် စက်ရုံသို့ရောက်ရှိပြီး စက်ရုံတာဝန်ခံက ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်နေမှုများနှင့် ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းလည်ပတ်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။**မျိုးကျော်**

မြောင်းမြမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

မြောင်းမြ သြဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇောလင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ် ငါးဈေးကွက်အတွင်း သြဂုတ်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငါးပုတ်သင်ဝယ်ယူအား ကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိသာချိန် ၄၅၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒေသတွင်း ငါးဈေးကွက်မှာ ငါးပုတ်သင်တွေ အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စားသုံးတဲ့သူများ လာတာကြောင့်လို့ ယူဆပါတယ်။ အဓိကတော့ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်" ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇောလင်းက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့် ဒေသများကို ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင်တစ်ပိသာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အင့ှားလိုက်သူများ၊ ကုန်တင် ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် သြဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖရဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို သြဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဖရဲကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃၈ သိန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖရဲကျေးရွာတွင် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၄၇သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ်သိန်း ၈၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၁၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စလင်း သြဂုတ် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်မှတာဝန်ရှိသူများက သြဂုတ် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးယခု ပထမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **သန်းသန်းစိုး**

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၇၆၈ ဧကထိ စိုက်ပျိုးပြီးစီး

ကလေး သြဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၇၆၈ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၈၀၄၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကို ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၇၆၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧကသီးနှံစုံ ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖုန်းလုံစေမည့် အပြင် ပိုလျှံမှုကို ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ် ဦးစီး မှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

ရမည်းသင်းမြို့နယ် စီပင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရမည်းသင်း သြဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီပင်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေ အနေများကို သြဂုတ် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ စီပင် ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေတို့ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စီပင်ကျေးရွာ၌ အရှည် ပေ ၆၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဆိုလာ ၃ ဒသမ ၃ ကီလိုဝပ် တပ်ဆင်ခြင်း၊ အရှည်ပေ ၁၆၀ အကျယ် တစ်ပေ၊ အနက် တစ်ပေ ရှိ အုတ်စီရေမြောင်း ပြုလုပ်ခြင်း လုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၅သိန်း၊ စုစုပေါင်း ငွေကျပ် ၁၆၅ သိန်းဖြင့် အဆိုပါဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဌန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင်း ကဏန်းပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ သြဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကဏန်းပိသာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကဏန်းပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကဏန်းပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ သြဂုတ်လထဲမှာလဲ ဒီဘက်ကနေ တင်ပို့ ရောင်းချတဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အရောင်းအဝယ်လုပ်ငန်း ပိုမိုလည်ပတ်လာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနေရသည့် ကဏန်း ၁၀ ပိသာလျှင် ငွေကျပ် ၂၂၅၀၀၀ မှ ၂၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကဏန်းများ ဝယ်ယူမှုများပြားလာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင်္ဂါးလိုက်သည့်လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးထံမှ သိရသည်။

ကျော်ကျော်လင်း

ပယ်ပုံတော်ကျောက်စာနှစ်ချပ်

မောင်သာ(ရွေးဟောင်းသုတေသန)

ပယ်ဟူသည့် မြေအကျယ်အဝန်းအတိုင်းအတာ ဝေါဟာရကို ပုဂံခေတ်ကျောက်စာများတွင် မကြာခဏ တွေ့ရှိရလေ့ရှိသည်။ မျက်မှောက်ခေတ်တွင် သုံးစွဲခြင်းမရှိတော့သည့် ပယ်ဟူသည့်ဝေါဟာရကို မြန်မာအဘိဓာန်က ရွေးခေတ်မြေအတိုင်းအတာ ပမာဏဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဇမ္ဗူဒီပဥ္စဆောင်းကျမ်းနိဒါန်းတွင် ပယ်သည် အနက်မထင်ရှား၊ တစ်ခါတစ်ရံ အနည်းအများ သတ်မှတ်အပ်သော ဧရိယာဖြစ်သည့် မြေဧကမူကို ဆိုလိုဟန်တူ၏ဟု ဖွင့်ဆိုထားသည်။

ပုဂံကျောက်စာများတွင် မြေအလှူများကို မှတ်တမ်းတင်ရာ၌ မြေအတိုင်းအတာယူနစ်ကို ပယ် ဖြင့်ဖော်ပြကြသည်။ ပယ်ဟူသည့် မြေအတိုင်း အတာအသုံးအနှုန်းသည် ပုဂံခေတ်မှ ကုန်းဘောင် ခေတ်ထိရှိခဲ့ကာ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူပြီးနောက်ပိုင်းတွင် သုံးစွဲခြင်းမရှိတော့ပေ။

ပါဠိကျမ်းလာ ပယ်ဝေါဟာရ

ဘုရင့်မြေဟူသည့် ဝေါဟာရအနက်ကို ပါဠိဘာသာ စကားတွင် ရာဇမာနဟုခေါ်ဆိုသည်။ ပရိတ်ကြီး ၁၁ သုတ်အနက် ဝဋ္ဋသုတ်အပိုဒ်(၆)သည် ဘုရားလောင်း ငုံးမင်း၏ သစ္စာစကားဖြစ်၍ မြန်မာအဓိပ္ပာယ်အားဖြင့် "ချစ်သား သာရိပုတ္တရာ၊ ငါဘုရားလောင်းငုံးငယ်က သစ္စာပြုလိုက်သောအခါ သစ္စာပြုပြီးသည်နှင့်တစ်ပြိုင် နက်တောမီးသည်ရေသို့ရောက်၍ ဖယ်ကြဉ်ရသကဲ့သို့ ငါ့ကိုဖယ်ကြဉ်လေ၏။ အရှိန်အလျှံကြီးမားလှသော တောမီးသည် မင်းပယ် ၁၆ ပယ် စာခန့်မျှ ကွင်းလေ ၏"ဟုဆိုလိုသည်။

ဝဋ္ဋသုတ်တွင်ပါရှိသည့် ပါဠိဝေါဟာရ "သောဠသ ကရိသာနိ"ကို ရွေးဆရာတော်ကြီးများက မင်းပယ် ၁၆ ပယ်ဟုအနက်ပြန်ဆိုခဲ့သည်။ ရာဇမာနကို မင်းပယ်၊ ပကတိမာနကို ပကတိပယ်ဟုပြန်ဆိုသဖြင့် ပယ်သည် မာန(အတိုင်းအတာ)ဟု ဆိုလိုခြင်းဖြစ်သည်။

ပယ်ကို မြေတိုင်းစနစ်တွင် အသုံးပြုသည့်အတိုင်း အတာစနစ်တစ်ခုအဖြစ် ဘုရားရှင်လက်ထက်က ဇေတမင်းသားက အနာထပိဏ္ဍသူဌေးကို ကရီသ ရှစ်ခုကျယ်သောမြေကို ရောင်းချခဲ့သည့် အထောက် အထားကို တွေ့ရှိရသည်။

ပယ်နှစ်မျိုး

လယ်ယာမြေတိုင်းတာသည့်စနစ်တွင် ပယ် ကိုအသုံးပြုခဲ့သည့် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင် ကာလများ၌ပင် ပယ်ကို ရေတွက်ပုံစနစ်နှစ်မျိုး သုံးစွဲခဲ့ကြသည်။ ပယ်နှစ်မျိုးသည် ပကတိပယ်နှင့် မင်းပယ်ဖြစ်၍ ပကတိပယ်ကို ဆင်းရဲသားပယ်ဟု လည်း ခေါ်ဆိုကြသည်။ မင်းပယ်သည် ဘုရင်အသုံးပြု သည့်ယူနစ်ဖြစ်၍ ပကတိပယ်သည် ပြည်သူများ အတွက် အသုံးပြုသည့် မြေတိုင်းယူနစ်ဖြစ်သည်။

ဒီဃနိကာယ်အဋ္ဌကထာတွင် ဖော်ပြထားသည့် "ပကတိမာနေန သောဠသကရီသေ ရာဇမာနေန အဋ္ဌကရီသေ"ဟူသည့်ဖွင့်ဆိုချက်အရ ပကတိပယ် ၁၆ ပယ်(သောဠသ ကရီသေ)သည် မင်းပယ် ၈ ပယ်(အဋ္ဌ ကရီသေ)နှင့်ညီမျှသည်ဟုဆိုလိုသည်။

ပကတိပယ်တွက်ပုံသည် တစ်ဖက်လျှင် ၂၅ တာ၊ စတုရန်းသတ် တာ ၁၀၀ ရှိ၍ မင်းပယ်သည် တစ်ဖက် လျှင် တာ ၅၀ စတုရန်းသတ် တာ ၂၀၀ ရှိသည်ဟု ဆိုလိုကြောင်း သုတေသီကိုကိုသက်မှူးက ရေးသား ခဲ့သည်။ ထို့ကြောင့် ပကတိပယ်သည် ပတ်လည် အလျား တာ ၁၀၀ အကျယ်အဝန်းရှိသည့် မြေကွက် ဖြစ်၍ မင်းပယ်သည် ပတ်လည်အလျား တာ ၂၀၀ အကျယ်အဝန်းရှိသည့် မြေကွက်ဟု ဆိုလိုသည်။

မြန်မာ့အတိုင်းအတာစနစ်တွင် တစ်တာလျှင် ခြောက်ပေရှိသည်ဟုလည်းကောင်း၊ မြေတစ်ပယ်သည် နှစ်ဇကရှိသည်ဟုလည်းကောင်း ဖော်ပြမှုများရှိခဲ့သည်။ မြေတစ်ပယ် နှစ်ဇကသည် ဗဒုံမင်းသတ်မှတ်ခဲ့သည့် ပကတိပယ်အတိုင်းအတာနှင့် နီးစပ်မှုရှိနေသည်။

မင်းပယ်အတိုင်းအတာ သတ်မှတ်ချက်

တောင်ပေါက်ဆရာတော်၏ အဘိဓာန်နိသယ နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပြုစု သည့် တိပိဋကပါဠိမြန်မာအဘိဓာန်တွင် မင်းပယ်ကို စတုရန်း တာ ၅၀ ဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။ စတုရန်း တာ ၅၀ သည် အနားတစ်ဖက်လျှင် တာ ၅၀ ရှည် သည့် စတုရန်းပုံမြေကွက်၏ ဧရိယာဖြစ်ကြောင်း သိရှိနိုင်သည်။

သမိုင်းပညာရှင် ဒေါက်တာတိုးလှကမူ မင်းပယ် တစ်ပယ်သည် တစ်ဖက်လျှင် ၃၅ တာ၊ နှစ်တောင်၊ တစ်မိုက်၊ လေးသစ်ရှိကြောင်းနှင့် စတုရန်းသတ် ၁၄၁ တာနှင့် သုံးတောင်ရှိကြောင်း "စာပေမှတ်တမ်းများက ပြောသော မြန်မာ့သမိုင်း" စာအုပ်တွင် ဖော်ပြခဲ့သည်။ ထိုတွက်ချက်ပုံစနစ်သည် ကုန်းဘောင်ခေတ်ဘုရင် ဗဒုံမင်း၏ ပယ်ပုံတော်ကျောက်စာတွက်နည်းဖြင့် တွက်ချက်ခြင်းဖြစ်ကြောင်း ရှင်းလင်းရေးသားခဲ့သည်။

ဗဒုံမင်း၏ ပယ်ပုံတော်ကျောက်စာနှင့် ပယ်နမူနာ မြေကွက်နှစ်ခုကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာ စည်မြို့နယ်တွင်တည်ရှိသည့် ရွေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ယနေ့တိုင်ထိန်းသိမ်းထားသဖြင့် လေ့လာကြည့်ရှုနိုင် ကြပေသည်။

ဘိုးတော်ဗဒုံမင်းနှင့် ပယ်သတ်မှတ်ချက်

ဘိုးတော်ဘုရားဟုထင်ရှားသည့် ကုန်းဘောင် ခေတ်ဘုရင် ဗဒုံမင်း(၁۷၈၂-၁၈၁၉)သည် အလောင်း မင်းတရား ဦးအောင်ဇေယျ၏ သားတော်ဖြစ်ပြီး ၁۷၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အင်းဝထီးနန်း ကို သိမ်းပိုက်လျက် တူတော်ဖြစ်သည့် စဉ်ကူးမင်းကို စီရင်ပြီး ကုန်းဘောင်ဆက်၏ဆဋ္ဌမမြောက် ထီးနန်း ရှင်ဖြစ်လာခဲ့သည်။

ဗဒုံမင်းသည် နိုင်ငံ၏အရေးကိစ္စအဝဝကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စစ်တမ်းတစ်ခုကို အမြော်အမြင်ကြီးစွာ ကောက်ယူခဲ့ခြင်းသည် ကုန်းဘောင်ခေတ်၏ သမိုင်းဝင်လုပ်ဆောင်ချက် တစ်ရပ်ဖြစ်ခဲ့သည်။ ဗဒုံမင်းသည် နိုင်ငံတော်အလုံး အိမ်ခြေစာရင်းကိုကောက်ယူစေပြီး မြို့ရွာ၊ နယ်နိမိတ် အပိုင်းအခြား၊ မြို့၊ ရွာ၊ အိမ်ခြေစာရင်းများကို ထန်းဖူး များတွင် မှတ်တမ်းပြုခဲ့သည်။ ထို့ပြင် အမရပူရမြို့နှင့် ထီးနန်းကိုတည်ခဲ့သဖြင့် အမရပူရမြို့နန်းတည် ဘိုးတော်ဗဒုံမင်းတရားဟုလည်း ထင်ရှားခဲ့သည်။

ဗဒုံမင်းသည် နိုင်ငံအတွင်းရှိ သာသနာ့မြေများကို သိရှိနိုင်ရန် တစ်နိုင်ငံလုံးရှိ ကျောက်စာများကို စုဆောင်းပြီး စိစစ်ခဲ့သဖြင့် မြေခွန်တော်ကိစ္စများကို စီမံရာတွင် များစွာအထောက်အကူဖြစ်ခဲ့သည်။ မြန်မာမင်းများလက်ထက်တွင် ချမ်းသာကြွယ်ဝသူ များသည် မြေများကိုသာသနာဆိုင်ရာအဆောက်အအုံ များဆောက်လုပ်ရန် လှူဒါန်းခဲ့ကြပြီး သာသနာ့မြေ များသည် မြေခွန်ကင်းလွတ်ခွင့်ရရှိခဲ့ချိန်ဖြစ်သည်။

မြေအကျယ်အဝန်းများကိုစိစစ်ပြီးနောက် ဗဒုံမင်း သည် ပညာရှိများနှင့်တိုင်ပင်နှီးနှောပြီး ကျမ်းဂန်ဥပဒေ များနှင့်အညီ ပကတိပယ်နှင့် မင်းပယ်အတိုင်းအတာ ကို သတ်မှတ်ခဲ့သည်။ ဗဒုံမင်း သက်တမ်းတစ်လျှောက် တွင် ထိုသတ်မှတ်ချက်အတိုင်းပင် အသုံးပြုခဲ့မည်ဟု မှန်းဆရသည်။ ဗဒုံမင်းသည် သတ်မှတ်ချက်အတိုင်း ကျောက်တိုင်များ စိုက်ထူခဲ့ရုံသာမက မှတ်တမ်း ကျောက်စာများကိုပါ ရေးထိုးစိုက်ထူခဲ့သည်။

ထို့ကြောင့် ပယ်သတ်မှတ်ချက်သည် နိုင်ငံအတွင်း၌ မြေယာအငြင်းပွားမှုတစ်ခုခုဖြစ်လာလျှင် သတ်မှတ် ချက်စံနှုန်းဖြင့် တိုင်းတာဖြေရှင်းရန် လွယ်ကူစေမည် ဖြစ်သကဲ့သို့ တိုင်းသူပြည်သားများ လိုက်နာကျင့်သုံး

မန္တလေးမြို့ ပယ်ပုံတော်ဝင်းအတွင်းရှိ ကျောက်စာတိုက်ကို တွေ့ရစဉ်။

ရန်လည်း ရည်ရွယ်ခဲ့မည်ဟု မှန်းဆရသည်။

ပယ်ပုံတော်ကျောက်စာ

ဗဒုံမင်းသည် ပကတိပယ်နှင့် မင်းပယ်သတ်မှတ် ချက်ကို ကျောက်စာနှစ်ချပ် ရေးထိုးစိုက်ထူခဲ့သည်။ ကျောက်စာတစ်ချပ်တွင် ပကတိပယ်ပုံမ်တော်ဟု လည်းကောင်း၊ အခြားကျောက်စာတစ်ချပ်တွင် မင်း ပယ်ပုံမ်တော်ဟုလည်းကောင်း ခေါင်းစီးရေးထိုးခဲ့သည်။

ပယ်ပုံတော်ကျောက်စာနှစ်ချပ်စိုက်ထူခဲ့သည့် နေရာသည် ပယ်ပုံတော်ဝင်းဟု ခေတ်အဆက်ဆက် အမည်တွင်ခဲ့ကာ ထိုနေရာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ခဲ့ သည်။ ထို့ကြောင့် ဗဒုံမင်းစိုက်ထူခဲ့သည့် ကျောက်စာ နှစ်ချပ်၊ ကျောက်စာတိုက်နှစ်ခုနှင့် စံနှုန်းပြနယ်နိမိတ် ကျောက်တိုင်များကို ယနေ့တိုင်မြင်တွေ့ကြရသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပယ်ပုံတော်ဝင်း အတွင်း၌ ရွေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ကိုဖွင့်လှစ်ခဲ့သဖြင့် ကျောက်စာတိုက်နှစ်တိုက်နှင့် ကျောက်စာများကို အနီးကပ်ထိန်းသိမ်းထားနိုင်ခဲ့ကာ ကျောက်စာတိုက်များပတ်လည်ကို ကြွေပြားများ ခင်းထားသဖြင့် ခိုင်ခံ့မှုကို အထောက်အပံ့ဖြစ်စေခဲ့ သည်။ ထို့အတူ စံနှုန်းပြနယ်နိမိတ်ကျောက်တိုင်များ ကို သံပန်းများဖြင့် ထိန်းသိမ်းခဲ့သည်။

ဗဒုံမင်းသည် နိုင်ငံအတွင်းနေရာဒေသအလိုက် လယ်ယာမြေနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် အတိုင်းအတာများ ကွဲပြားခြင်းခုံမှုမရှိစေရန် သာသနာပိုင်မောင်းထောင်ဆရာတော်ကို လျှောက် ထား၍ ပယ်သတ်မှတ်ချက် ကျောက်စာများကို သက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ရေးထိုးခဲ့ခြင်းဖြစ်သည်။

လက်တွေ့တိုင်းတာချက်များအရ ဗဒုံမင်း သတ်မှတ်ခဲ့သည့် ပကတိပယ်တစ်ပယ်သည် ၂၇၉ ပေ ပတ်လည်ရှိ၍ မင်းပယ်တစ်ပယ်သည် ၃၉၆ ပေ ပတ်လည်ရှိသဖြင့် မင်းပယ်သည် ပကတိပယ်၏ ၂ ဒသမ ဂ၁၄၅ ဆ ပိုမိုကျယ်ဝန်းကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မျက်မှောက်ခေတ် အတိုင်းအတာအရ ပကတိပယ်တစ်ပယ်သည် ၁ ဒသမ ၇၈၇ ဧကရှိ၍ မင်းပယ်တစ်ပယ်သည် ၃ ဒသမ ၆ ဧကဖြစ်သည်။

ဗဒုံမင်းသည် ပယ်ပုံတော်ဝင်းအတွင်း၌ အတိုင်း အတာပြ မြေကွက်နှစ်ခု၏အလယ်ရှိ ၁၀ ပေ ပတ်လည်မြေဧရိယာတွင် ကျောက်စာတစ်ချပ်စီကို စိုက်ထူသဖြင့် ပကတိပယ်မြေကွက်အလယ်၌ ပကတိ ပယ်ကျောက်စာကိုလည်းကောင်း၊ မင်းပယ်မြေကွက် ၌ မင်းပယ်ကျောက်စာကိုလည်းကောင်း တွေ့ရှိရသည်။

ပကတိပယ်ကျောက်စာချပ်သည် ကျောက်စာ မျက်နှာပြင် နှစ်ပေ နှစ်လက်မကျယ်၍ သုံးပေ ငါး လက်မမြင့်သည်။ ကျောက်စာချပ်အထူသည် ငါးလက်မဖြစ်ပြီး ကျောက်စာကို မျက်နှာနှစ်ဖက် ရေးထိုးထားပြီး စာကြောင်းရေ ၅၄ ကြောင်းပါရှိကာ ရှေ့မျက်နှာတွင် ၂၉ ကြောင်း၊ ကျောဘက်မျက်နှာ တွင် ၂၅ ကြောင်းဖြစ်သည်။

မင်းပယ်ကျောက်စာချပ်ကမူ ကျောက်စာ မျက်နှာပြင် နှစ်ပေ ၁၀ လက်မကျယ်၍ သုံးပေမြင့် သည်။ ကျောက်စာချပ်အထူသည် ခြောက်လက်မ ဖြစ်ပြီး ကျောက်စာကိုမျက်နှာ နှစ်ဖက်ပင် ရေးထိုး ထားပြီး စာကြောင်းရေ ၄၂ ကြောင်းပါရှိကာ ရှေ့ မျက်နှာတွင် ၂၅ ကြောင်း၊ ကျောဘက်မျက်နှာတွင် ၁၇ ကြောင်းဖြစ်သည်။

ကျောက်စာပါ အချက်အလက်များ

ကျောက်စာနှစ်ချပ်စလုံးတွင် ရှေ့ပိုင်းစာများသည် ထပ်တူဖြစ်၍ နမောတဿဘဂဝတော အစချီသည့် ဘုရားရှိခိုးဖြင့် ကျောက်စာကိုစတင်ရေးထိုးထား သည်။ ဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာ ၁၀ သောင်း၌ သုမေဓာအဖြစ် ဗျာဒိတ်ခံပြီးချိန်မှ ဝေဿန္တရာဘဝတိုင် ပါရမီဖြည့်ကျင့်၍ ဝေနေယျ အပေါင်းကို နိဗ္ဗာနမြို့ပို့ဆောင်ပြီး သာသနာရောင်ဝါ လင်းခဲ့ပုံကို ဦးစွာရေးထိုးသည်။

ထို့နောက် မဟာပထဝီဖြစ်သော ဤမြေကြီးသည် ယူဇနာ နှစ်သိန်းလေးသောင်းရှိရကား ဆံတစ်ခြည်၊ နှမ်းတစ်လုံးရှိသည်ကိုပင် အလေးအမြတ်ပြု၍ ပြည်သူ၊ ပြည်သားများ အငြင်းအခုံ ခိုက်ရန်မဖြစ်၊ အပြစ်ကင်းလွတ်စေရန် ပညာရှိတို့နှင့် နီးနှောတိုင်ပင် ပြီး ပကတိပယ်နှင့် မင်းပယ်နှစ်ရပ်ကို ကျမ်းဂန်နှင့် အညီ နေရာဝင်းသတ်မှတ်၍ ကျောက်တိုင်များစိုက်ထူ ခဲ့ကြောင်းရေးထိုးခဲ့သည်။

မြန်မာတို့၏ တစ်တောင် အတိုင်းအတာသည် ခေတ်သုံးစနစ်အရ ၁၉ ဒသမ ဝ၅ လက်မဖြစ်သော်လည်း ပယ်စနစ်ကို အသုံးမပြုတော့ချိန်တွင် တစ် တောင်ကို ၁၈ လက်မဟု သတ်မှတ်သုံးစွဲနေကြသည် မှာ ယနေ့ထိတိုင်ဖြစ်သည်။ ထို့ကြောင့် ပယ်စနစ် အတိုင်းအထွာနှင့်အတူ တောင်စနစ်သည်လည်း ပျောက်ကွယ်သွားခဲ့ရသည်။

မည်သို့ပင်ဆိုစေ မျက်မှောက်ခေတ်၌ ပယ်အတိုင်း အတာကို အသုံးမပြုတော့သည့်တိုင် ကုန်းဘောင် ဘုရင်ဗဒုံမင်းသတ်မှတ်ခဲ့သည့် ပကတိပယ်နှင့် မင်းပယ်အတိုင်းအတာ ကျောက်စာမှတ်တမ်းသည် သမိုင်းအထောက်အထားတစ်ရပ်အဖြစ် ခိုင်မာစွာ တည်ရှိနေဆဲပင်ဖြစ်သည်။

ကိုးကား

- **ပကတိပယ်ပုံမ်တော်ကျောက်စာနှင့် မင်းပယ် ပုံမ်တော်ကျောက်စာ**
- **ဦးသန်းဆွေ၏ လက်ရွေးစင်စာတမ်းများ(သမိုင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**
- **ပယ်(ကရီသ)ဝေါဟာရအကြောင်းတစ္ဆေတစောင်း (ကိုကိုသက်မှူး)**

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်

မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖွဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၁၉၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေး သြဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၁၉၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၂၅၄ ဧက၊ ဖူးစားပြောင်း ၆၀၂၈ ဧက စုစုပေါင်း ၂၃၂၈၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၆၀၀၁ ဧက၊ ဖူးစားပြောင်း ၅၉၆၄ ဧက စုစုပေါင်း ၂၁၉၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀ဖ)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် သြဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိသာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးရှဉ့်ပိသာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှုကောင်းလာခြင်းသည် ရန်ကုန်စျေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချရမှုကောင်းခဲ့တာကလဲ ပြည်တွင်း ငါးရှဉ့်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်စျေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြားစျေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူမှုကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

တိုးတက်စေဖို့ ကြိုးစားစို့

- လူငယ်တွေ ပညာရေး
  စိတ်မှာတွေး ကြံဆစေ၊
  ကြိုးစားကာ လေ့လာဖတ်မှတ်မှ
  တတ်မြောက်မှာလေ၊
  ပျင်းရိခြင်း ရှောင်ရှားစေ
  နောင်မမှားပေ အနာဂတ်၊
  သင်ယူကာ သုတပွားဖို့
  မှတ်သားပြုအပ်။

- ပန်းတိုင်ကို မရပ်မနား
  ရဟတ်ချား လည်သည်ပမာ၊
  ဆည်းပူးကာ အစဉ်ကြိုးစားမှ
  တိုးပွားသေချာ၊
  ဇွဲလုံ့လ အခြေခံကာ
  အဖြေမှန်ဟာ အောင်မြင်ရေး၊
  ရိုးသားစွာ လမ်းမှန်လျှောက်ရင်
  ပန်းတိုင်ကမဝေး။

- ကောင်းမွန်ရာ စိတ်မှာတွေး
  ပညာရေး ကြိုးပမ်းစေ၊
  ကမ္ဘာကို အမီလှမ်းဖို့
  ကြိုးပမ်းရမလေ၊
  ခိုင်မြဲသော စိတ်ဓာတ်တွေ
  မွေးမြူထားစေ စိတ်မှာတွေး၊
  မြတ်ပညာ...
  အတတ်သင်ကာ တိုးတက်စေဖို့
  ကြိုးစားစို့လေး။ ။

ပန်းမာလာ

မိုင်းယန်းမြို့နယ် ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း သြဂုတ် ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သြဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ပန်းဆောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၀၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

နိုင်ငံတကာ သတင်းများ

ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ပိုလိုဒင် တရုတ်နိုင်ငံသို့ သွားရောက်မည်

မော်စကို သြဂုတ် ၁၉

ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ယာချီဆလပ်ဗဗိုလိုဒင်သည် ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ သွားရောက်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သြဂုတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ရုရှား အောက်လွှတ်တော်ဥက္ကဋ္ဌ ဗိုလိုဒင်သည် ပေကျင်းမြို့နှင့် ချန်ချင်းမြို့များသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်၏ တရုတ်နိုင်ငံခရီးစဉ်မတိုင်မီ တရုတ်နိုင်ငံသို့သွားရောက်ရန် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဗိုလိုဒင်က စီစဉ်ထားခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် လာမည့် သြဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလအစောပိုင်းကာလအတွင်း တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားသည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်သည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်မည်ဖြစ်သည်။

ဥရောပတိုက်၌ ဂျာမနီနာဇီတပ်များ လက်နက်ချခဲ့သည့် ၁၉၄၅ ခုနှစ် မေ ၈ ရက်တွင် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ပြီး အာရှတွင်မူ ဂျပန်တပ်များလက်နက်ချခဲ့သည့် ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

ဗင်နီဇွဲလားနိုင်ငံအနီးသို့ စစ်သင်္ဘောသုံးစီး အမေရိကန်အစိုးရ စေလွှတ်ထား

နယူးယောက် သြဂုတ် ၁၉

လက်တင်အမေရိက မူးယစ်ဂိုဏ်း၏ခြိမ်းခြောက်မှုကို ဖြေရှင်းရေးအတွက် ဗင်နီဇွဲလားနိုင်ငံအနီးသို့ အမေရိကန်အစိုးရက စစ်သင်္ဘောများ စေလွှတ်ထားကြောင်း သြဂုတ် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရက စေလွှတ်ထားသည့် ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော သုံးစီးတို့သည် လာမည့် ၃၆ နာရီအတွင်း ဗင်နီဇွဲလားကမ်းရိုးတန်းအနီး ကမ်းလွန်ရေပြင်သို့ ရောက်ရှိမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လက်တင်အမေရိက မူးယစ်ဂိုဏ်းများ ပြဿနာကို ဖြေရှင်းရေးအတွက် စစ်အင်အားသုံးရန် ဆန္ဒရှိနေသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ လက်တင်အမေရိကမူးယစ်ဂိုဏ်းများပြဿနာဖြေရှင်းရေးအစီအစဉ်တွင် အမေရိကန်ရေတပ်သားနှင့် မရိန်းတပ်ဖွဲ့ဝင် ၄၀၀၀ခန့် ပါဝင်နိုင်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် မက္ကဆီကိုအခြေစိုက် ဆီနာလိုအာ မူးယစ်ဂိုဏ်းအပါအဝင် လက်တင်အမေရိက မူးယစ်ဂိုဏ်းများနှင့် ဗင်နီဇွဲလားအခြေစိုက် ထရန်ဒီအာ ရာဂါဒုစရိုက်ဂိုဏ်းတို့ကို နိုင်ငံတကာ အကြမ်းဖက် အဖွဲ့အစည်းများ အဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။

လက်ရှိ အမေရိကန်အစိုးရ အဖွဲ့သည် လက်တင်အမေရိက မူးယစ်ဂိုဏ်းများ ပြဿနာအား ဖြေရှင်းရေးကို ဦးစားပေးမူဝါဒ အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

နျူကလီးယားလက်နက်တပ်ဆင်မှု တိုးချဲ့ရန်လိုကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

ပြုံယမ်း သြဂုတ် ၁၉

နျူကလီးယား လက်နက်တပ်ဆင်မှုလုပ်ငန်းကို လျင်မြန်စွာချဲ့ထွင်ရန် လိုအပ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က သြဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့က နှစ်နိုင်ငံနှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်နေချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့အနေဖြင့် စစ်ဆင်ရေးစတင်ရန် ဆန္ဒရှိနေမှုကို လက်ရှိပြုလုပ်နေသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများက သက်သေပြနေကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ဝေဖန်ခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် မြောက်ကိုရီးယားနျူကလီးယားခြိမ်းခြောက်မှု တုံ့ပြန်ရေးအပါအဝင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယခုရက်သတ္တပတ်အတွင်း စတင်ပြုလုပ်လျက်ရှိသည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့၏ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မြောက်ကိုရီးယားနိုင်ငံက မှတ်ယူထားသည်။

ကိုရီးယားကျွန်းဆွယ်ဒေသ၏ လက်ရှိလုံခြုံရေးအနေအထားအရ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက် တပ်ဆင်မှုလုပ်ငန်းကို တိုးချဲ့ရန်လိုကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

Ref : RT
Trs : KKO

အမေရိကန်ဒေါ်လာ ၂၅ သန်းတန် ပန်းရောင်စိန်ပွင့် ခိုးယူသူများ ဒုဘိုင်းရဲတပ်ဖွဲ့ ရှစ်နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့

ဒုဘိုင်း သြဂုတ် ၁၉

အမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ ပန်းရောင်စိန်တစ်ပွင့်ကို ခိုးယူခဲ့သည့်သူခိုးသုံးဦးကို ရှစ်နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒုဘိုင်းမြို့ရဲတပ်ဖွဲ့က သြဂုတ် ၁၈ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သူခိုးသုံးဦးသည် အထက်ပါစိန်ပွင့်ကို စိန်ကုန်သည်တစ်ဦးထံမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ဒုဘိုင်းရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ၔင်းသူခိုးများသည် ချမ်းသာကြွယ်ဝသည့် ဝယ်လက်အဖြစ် အယောင်ဆောင်၍ စိန်ကုန်သည်ကို လှည့်ဖျားခဲ့ပြီး စိန်ပွင့်ကို ခိုးယူခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နောင်ရှစ်နာရီအကြာတွင် စိန်ပွင့်ခိုးယူသူများကို ဒုဘိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါသူခိုးသုံးဦးကို ဖမ်းဆီးရာတွင် နောက်ဆုံးပေါ်လူဉာဏ်ရည်တု နည်းပညာတစ်မျိုးကိုလည်း အသုံးပြုခဲ့ကြောင်း ဒုဘိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စိန်ပွင့်ကို ခိုးယူသူများမှာ အာရှနိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားများဖြစ်ကြပြီး ယင်းစိန်ကို ပြည်ပသို့ထုတ်တင်ရန် ရည်ရွယ်ထားကြောင်း ဒုဘိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ Ref : Xinhua

Trs : KKO

အင်ဒိုနီးရှားနိုင်ငံ၌ တရားမဝင်ရေနံတွင်းမီးလောင်မှုကို ထိန်းချုပ်နိုင်ရန် မီးသတ်သမားများ ရုန်းကန်နေရ

ဂျကာတာ သြဂုတ် ၁၉

တရားမဝင် ရေနံတွင်းတစ်တွင်း၌ သုံးရက်ကြာလောင်ကျွမ်းနေသည့်မီးကို ထိန်းချုပ်ရေးအတွက် အင်ဒိုနီးရှားမီးသတ်သမားများအနေဖြင့် ရုန်းကန်နေရဆဲဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ တရားမဝင်ရေနံတွင်းမီးလောင်မှုကြောင့် အနည်းဆုံးလူသုံးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာများရခဲ့ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားထားသည်။

ယင်းအပြင် မီးလောင်နေသည့် ရေနံတွင်းဝန်းကျင်ရှိ လူနေဒေသများမှ လူပေါင်း ၇၅၀ ကျော်ကိုလည်း အင်ဒိုနီးရှားတာဝန်ရှိသူများက ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

အလယ် ဂျာဗားပြည်နယ် ဘလိုရာဒေသ၌ တည်ရှိသည့် အဆိုပါတရားမဝင်ရေနံတွင်းသည် သြဂုတ် ၁၇ ရက်တွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားထားသည်။

တရားမဝင် ရေနံတွင်းမီးလောင်မှုပြဿနာကို အင်ဒိုနီးရှား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ရေနံကုမ္ပဏီများ စွန့်ပစ်သွားသည့် ရေနံတွင်းရာပေါင်းများစွာတို့၌ ဒေသခံများက နေရာယူ၍ တရားမဝင်ရေနံတူးဖော်မှုများပြုလုပ်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

SCIENCE AND TECHNOLOGY

ရှန်ကျိုး-၂၀ မစ်ရှင်အာကာသယာဉ်မှူးများက သြဂုတ် ၁၅ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ တတိယအကြိမ်ထွက်ခွာခဲ့



ပေကျင်း သြဂုတ် ၁၉

ရှန်ကျိုး-၂၀ မစ်ရှင်အာကာသယာဉ်မှူးများသည် သြဂုတ် ၁၅ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ တတိယအကြိမ်ထွက်ခွာခဲ့ကြကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက ထုတ်ပြန်ထားကြောင်း သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၂၀ မစ်ရှင်အာကာသယာဉ်မှူးများသည် သြဂုတ် ၁၅ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ခြောက်နာရီနှင့် မိနစ် ၃၀ ကြာ ထွက်ခွာခဲ့ကြကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တီယန်ကောင်းအာကာသစခန်းပြင်ပသို့ထွက်ခွာစဉ်အတွင်း ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် အာကာသအမှိုက်ကာကွယ်ရေးစနစ်များကို တပ်ဆင်ခြင်း၊ အာကာသစခန်းပြင်ပ၌ တပ်ဆင်ထားသည့်ကိရိယာများကို ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၂၀ မစ်ရှင်ကို ၂၀၂၅ ခုနှစ် ဧပြီ ၂၄ ရက်တွင် တီယန်ကောင်းအာကာသစခန်းသို့လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ တတိယအကြိမ်ထွက်ခွာမှုတွင် အာကာသစခန်း၏ စက်ရုပ်လက်တံများအကူအညီ၊ မြေပြင်စခန်းတို့၏ အကူအညီများကို ရယူခဲ့ကြသည်။

ရှန်ကျိုး-၂၀ အာကာသစခန်းမှူးသုံးဦးအနက် အာကာသယာဉ်မှူးချန်ဟောင်းအတွက် သြဂုတ် ၁၅ ရက် တီယန်ကောင်းအာကာသစခန်းပြင်ပထွက်ခွာမှုသည် ဆဋ္ဌမအကြိမ်မြောက် ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

လန်းစပေ့စ်အာကာသနည်းပညာကုမ္ပဏီက မီသိန်းဓာတ်ငွေ့လောင်စာရည်သုံး ဒုံးပျံကို စမ်းသပ်ပစ်လွှတ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့

ပေကျင်း သြဂုတ် ၁၉

တရုတ်နိုင်ငံအခြေစိုက် လန်းစပေ့စ် အာကာသနည်းပညာကုမ္ပဏီသည် မီသိန်းဓာတ်ငွေ့လောင်စာရည်သုံး ဒုံးပျံကိုစမ်းသပ်ပစ်လွှတ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

လန်းစပေ့စ်အာကာသနည်းပညာကုမ္ပဏီသည် ကျူကေး-၂ အီး ဝိုင် ၃ အမျိုးအစားမီသိန်းလောင်စာရည်သုံး ဒုံးပျံကို သြဂုတ် ၁၅ ရက်တွင် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် လွှတ်တင်ပြီးမကြာမီမှာပင် အဆိုပါဒုံးပျံမှာပြဿနာတစ်ခုပေါ်ထွက်ခဲ့ပြီး မစ်ရှင်ပျက်ပြားကာ အောင်မြင်မှုမရှိခဲ့ကြောင်း လန်းစပေ့စ်အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ကျူကေး-၂ အီးဝိုင် ၃ ဒုံးပျံ၌ပေါ် ထွက်ခဲ့သည့်ပြဿနာနှင့်ပတ်သက်၍ လန်းစပေ့စ် အာကာသနည်းပညာ ကုမ္ပဏီ ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

လန်းစပေ့စ် အာကာသနည်းပညာကုမ္ပဏီသည် မီသိန်းလောင်စာရည်သုံး ဒုံးပျံများကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည့် ကမ္ဘာ့ပထမဆုံး အာကာသနည်းပညာ ကုမ္ပဏီဖြစ်ပြီး ကျူကေး-၂ အမည်ရှိ မီသိန်းလောင်စာရည်သုံးဒုံးပျံကို ၂၀၂၃ ခုနှစ်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ပြီးနောက် ကျူကေး-၂ ဒုံးပျံပုံစံကွဲ အမျိုးမျိုးကို တည်ဆောက်စမ်းသပ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

အီသီယိုပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သြစထရာလိုပီးသီးကပ်စ် လူတူမျိုးစိတ်သစ်တစ်မျိုး၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိ

ဝါရှင်တန် သြဂုတ် ၁၉

အီသီယိုပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သြစထရာလိုပီးသီးကပ်စ် လူတူမျိုးစိတ်သစ်တစ်မျိုး၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန် သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အီသီယိုပီးယားအရှေ့မြောက်ပိုင်း အက်ဖာဒေသ၌ တူးဖော်တွေ့ရှိခဲ့သည့် သွားကျောက်ဖြစ်ရုပ်ကြွင်းများမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၂ ဒသမ ၆၅ သန်းထိရှိပြီး ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါသွားကျောက်ဖြစ်ရုပ်ကြွင်းများကို လူသားဗီဇဆင့်ကဲပြောင်းလဲမှုဇယားစဉ်တွင်ပါဝင်မှုမရှိသေးသော သြစထရာလိုပီးသီးကပ်စ်လူတူမျိုးစိတ်သစ်၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ သြစထရာလိုပီးသီးကပ်စ်မျိုးစိတ်သစ်သည် နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ရသော သတ္တမမြောက် သြစတရာလိုပီးသီးကပ်စ် လူထုမျိုးစိတ်သစ်ဖြစ်သည်။

ထို့ပြင် အမေရိကန်သိပ္ပံပညာရှင်များသည် သြစထရာလိုပီးသီးကပ်စ်မျိုးစိတ်သည် သွားကျောက်ဖြစ်ရုပ်ကြွင်းနှင့်အတူ ဟိုမိုလူတူပရိုင်းမိတ်မျိုးစိတ်သစ်တစ်မျိုး၏ သက်တမ်းနှစ်ပေါင်း ၂ ဒသမ ၅၉ သန်းရှိသည့် သွားကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း တူးဖော်တွေ့ရှိခဲ့သည်။

အမေရိကန်သိပ္ပံပညာရှင်များ အနေဖြင့် ထပ်မံတွေ့ရှိထားသည့် သြစထရာလိုပီးသီးကပ်စ်မျိုးစိတ်သစ်နှင့် ဟိုမိုမျိုးစိတ်သစ်တို့ကို အမည်များ မပေးရသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

HEALTH

နေအိမ်ပြင်ပ၌ တစ်ရက် ၁၅ မိနစ် လမ်းလျှောက်ခြင်းဖြင့် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် သြဂုတ် ၁၉

တစ်ရက်လျှင် ၁၅ မိနစ်ကြာမျှ နေအိမ်ပြင်ပ၌ လမ်းထွက်လျှောက်ပေးခြင်းဖြင့် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ၁၅ မိနစ်ကြာမျှ နေအိမ်ပြင်ပ၌ လမ်းလျှောက်ပေးခြင်းသည် စိတ်ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်လာမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နေ့စဉ် ၁၅ မိနစ်မျှ နေအိမ်ပြင်ပ၌ လမ်းလျှောက်ပေးခြင်းဖြင့် စိုးရိမ်သောကဝင်ရောက်မှု၊ စိတ်ကျရောဂါနှင့် မောပန်းနွမ်းနယ်မှုပြဿနာများပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း၊ ထို့ပြင် နေ့စဉ်နေအိမ်ပြင်ပ၌ ၄၅ မိနစ်ထိ အချိန်ပေးလမ်းလျှောက်ခဲ့ပါက စိတ်ကျန်းမာရေးအခြေအနေကို ပို၍ပင်မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် နိုင်ငံတကာသုတေသနပညာရှင်များ ပြုလုပ်ထားသည့် လေ့လာချက်ပေါင်း ၄၅၀ ခန့်ကို ဆန်းစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အထူးသဖြင့် နေအိမ်ပြင်ပ၌ဖြစ်စေ၊ ကျေးလက်တောပိုင်း၌ဖြစ်စေ ၁၅ မိနစ်မျှအချိန်ပေးလမ်းလျှောက်မှု၏စိတ်ကျန်းမာရေးအကျိုးကျေးဇူးကို လူငယ်များက ပိုမိုရယူနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

AIအကူအညီဖြင့် ဆီးပူညောင်းကျရောဂါကို ကုသပေးနိုင်မည့် ဆေးသစ်များတွေ့ရှိ

နယူးယောက် သြဂုတ် ၁၉

ဉာဏ်ရည်တုနည်းပညာ (AI) အကူအညီဖြင့် ပဋ္ဌေဒီဝဆေးယဉ်ပါး ဆီးပူညောင်းကျရောဂါ (gonorrhoea) ကိုကုသပေးနိုင်မည့် ပဋ္ဌေဒီဝဆေးသစ်များကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာအင်စတီကျူမှ သုတေသနပညာရှင်များသည် အေအိုင်နည်းပညာကိုသုံး၍ ဓာတုဒြပ်ပေါင်း ၃၆ သန်းတို့ကိုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာတွင် AI နည်းပညာသည် ဆီးပူညောင်းကျရောဂါနှင့် MRSA ခေါ် ဗက်တီးရီးယားကူးစက်ရောဂါတစ်မျိုးတို့ကို ကုသပေးနိုင်သော ဓာတုဒြပ်ပေါင်းနှစ်မျိုးကို ဖော်ထုတ်ပေးခဲ့သည်။

ဆီးပူညောင်းကျရောဂါနှင့် MRSA ရောဂါနှစ်ခုစလုံးသည် လက်ရှိသုံးစွဲနေသော ပဋ္ဌေဒီဝဆေးများကို ယဉ်ပါးလာကြသည့်ရောဂါများဖြစ်ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် AIနည်းပညာ အကူအညီဖြင့် ဖော်ထုတ်တွေ့ရှိထားသည့် ဓာတုဒြပ်ပေါင်းနှစ်မျိုးကို ဓာတ်ခွဲခန်းစမ်းသပ်မှုများနှင့် တိရစ္ဆာန်များဖြင့် စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ဆီးပူညောင်းကျရောဂါ ဗက်တီးရီးယားများနှင့် MRSA ကို ချေမှုန်းနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

Ref : Russia Today

Trs : KKO



ရိုးမားအသင်းက တောင်ပံကစားသမား လီယွန်ဘိုင်လီကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

ရောမ သြဂုတ် ၁၉

ရိုးမားအသင်းသည် တောင်ပံကစားသမား ဆန်ချိုကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း လုပ်ခလစာကြောင့် ညှိနှိုင်းမှုအဆင်မပြေခဲ့သဖြင့် အေဗီလာအသင်းမှ တောင်ပံတိုက်စစ် ကစားသမား လီယွန်ဘိုင်လီကို အပြီးသတ် ဝယ်ယူခွင့်ပါသည့် တစ်ရာသီအဌားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသင်းအနေဖြင့် လီယွန်ဘိုင်လီကို တစ်ရာသီအဌားစာချုပ်အတွက် ပြောင်းရွှေ့ကြေး ယူရှိသုံးသန်း၀နှစ်ကျင် ပေးချေရမည်ဖြစ်သော်လည်း စာချုပ်ကုန်ဆုံးပါက ယူရှိ ၂၂ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်သည့် သဘောတူညီချက်ပါ၀င်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ တောင်ပံကစားသမား လီယွန်ဘိုင်လီသည် အေဗီလာအသင်းတွင် အနာဂတ်မရေရာမှုများ ရှိလာသောကြောင့် ပြီးခဲ့သည့် နယူးကာဆယ်အသင်းနှင့် အဖွင့်ပွဲစဉ်တွင် အသင်းလူစာရင်းမှနုတ်ထွက်၍ အီတလီသို့ သွားရောက်ခဲ့ပြီး ရိုးမားအသင်းနှင့် ဆေးစစ်မှု ခံယူခဲ့ပြီးနောက် တရားဝင်ပြောင်းရွှေ့ခွင့်ရရှိခဲ့သည်။

ဘိုင်လီသည် ၂၀၂၁ ခုနှစ်က လေဗာကူဆင်အသင်းမှ အေဗီလာအသင်းသို့ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ဘဲ နည်းပြ အမ်မရီရောက်ရှိလာချိန်တွင် အသင်းတိုက်စစ်ပိုင်း ၅ ပွဲကစားခွင့် ပိုမိုရရှိလာခဲ့ကာ ၂၀၂၃-၂၀၂၄ ခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၅ သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ် ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သည်။

ရိုးမားအသင်းသည် နည်းပြသစ် ဂတ်စ်ပါရီနီလက်ထက်တွင် ခြေစွမ်းပြ ကစားသမားခေါ်ယူမှုအဖြစ် လန်းအသင်းမှ ကွင်းလယ်ကစားသမားအယ် အိတ်နူအီ၊ ဘာရိုက်တန်တိုက်စစ်မှူး ဖာဂူဆန်၊ ဖလာမင်ဂို ခံစစ်ကစားသမား ဝက်စ်လေတို့အပါအ၀င် တောင်ပံကစားသမား လီယွန်ဘိုင်လီကိုပါ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။.

Ref : Football Italia

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ တွမ်တီးအသင်းနှင့် ပီအက်စ်ဗွီအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ပီအက်စ်ဗွီအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း တိုက်စစ်မှူး ပလီယာသည် ဒူးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သောကြောင့် ၂၀၂၅ နှစ်ကုန်ထိ အနားယူရမည်ဖြစ်ကြောင်း အသင်းတာ၀နှရှိသူများက တရားဝင်ထုတ်ပြန်ခဲ့သည်။
- ❑ စပါးအသင်းသည် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ရိုမီရိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။
- ❑ စပါးအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် တောင်ပံကစားသမား အက်ဇီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်းဖြင့် ရောင်းချရန် ပဲလေ့စ်အသင်းက ကနဦးအကြို သဘောတူခဲ့ကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းကစားသမား အယ်ချီဗာရီကို ဘိုင်ယန်မြူးနစ်အသင်းက တစ်ရာသီအဌားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

Cincinnati Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အယ်ကာရက်ဇ်နှင့် စဝီယာတက်ခ်တို့ ဆွတ်ခူး

အိုဟိုင်းယိုး သြဂုတ် ၁၉

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပသည့် Cincinnati Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာနှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၅-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ပွဲစတင်ကတည်းက နေမကောင်းဖြစ်နေကြောင်း တရားဝင်အသိပေးထားသလို ပွဲကစားနေစဉ်တွင်လည်း နေမကောင်းဖြစ်နေသည့်အတွက် ပွဲပြီးဆုံးအောင် ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်း မရှိတော့သည့် ဂျန်နစ်ခ်ဆင်နာအနေဖြင့် အယ်ကာရက်ဇ်ကို အရှုံးပေးခဲ့ရသည်။

အယ်ကာရက်ဇ်သည် ဂျန်နစ်ခ်ဆင်နာ၏ကျန်းမာရေးအခြေအနေကြောင့် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရန် ပွဲကစားချိန် ၂၃ မိနစ်သာကြာမြင့်ခဲ့သည်။

အယ်ကာရက်ဇ်က "ဒီအချိန်မှာ ဂျန်နစ်ခ်ဆင်နာ ဘယ်လောက်ထိ ဝမ်းနည်းနေမလဲဆိုတာ ကျွန်တော်ခံစားမိပါတယ်။ ဘာတွေဖြစ်လာမလဲဆိုတာ ကြိုမသိနိုင်သလို ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်လဲ ဘာမှမပြောနိုင်ပါဘူး။ ကျွန်တော်ပြောခဲ့သလိုပဲ ဂျန်နစ်ခ်ဆင်နာဟာ တကယ့် ချန်ပီယံတစ်ယောက်ပါ"ဟု ပြောကြားခဲ့သည်။

Cincinnati Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၇-၅ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည်။

စဝီယာတက်ခ်အတွက် ယခုနှစ်အတွင်းဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားဖြစ်သည်။

စဝီယာတက်ခ်အတွက် ကစားသမားဘ၀သက်တမ်းတစ်လျှောက် ပထမဆုံးရရှိခဲ့သည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆုဖလားဖြစ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည် ရယူနိုင်ရေးအတွက် မျှော်လင့်ချက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

တိုက်စစ်မှူး အိုကာဖော်ကို လိဒ်ယူနိုက်တက်အသင်း ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် သြဂုတ် ၁၉

ပရီးမီးယားလီဂ်သို့ တန်းတက်လာသည့် လိဒ်ယူနိုက်တက်အသင်းသည် အေစီမီလန်အသင်းမှ တိုက်စစ်မှူး အိုကာဖော်ကို ပြောင်းရွှေ့ကြေး ယူရို ၂၁ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

အိုကာဖော်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စီးရီးအေ ပြိုင်ဘက် နာပိုလီအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ပြီးအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း အေစီမီလန်အသင်းက အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားခြင်း မရှိသောကြောင့် လိဒ်ယူနိုက်တက်အသင်းက ကမ်းလှမ်းမှုပြုလုပ်ခဲ့ချိန်တွင် ပြောင်းရွှေ့ကြေး ယူရို ၂၁ သန်းဖြင့် ရောင်းချရန် သဘောတူခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အိုကာဖော်သည် ဆဲလ်ဘတ်အသင်းမှ အေစီမီလန်အသင်းသို့ အပိုဆုကြေးအပါအ၀င် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ရောက်ရှိခဲ့ပြီး အသင်းနှင့်ပထမဆုံး ပွဲထွက်ရာသီတွင် စီးရီးအေပြိုင်ပွဲ ၂၈ ပွဲသာ ပါ၀င်ခဲ့ရကာ ဒုတိယရာသီတွင်လည်း ၁၈ ပွဲပါ၀င်ရသော်လည်း အရန်ခုံတွင်သာ အချိန်ကုန်နေရသောကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီတွင် နာပိုလီအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိုကာဖော်သည် ပုံမှန်ပွဲကစားခွင့် ရရှိနိုင်မည့် လိဒ်ယူနိုက်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်ပြီး ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုနောက်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သဖြင့် မကြာမီ တရားဝင်ထုတ်ပြန်ကြေညာနိုင်မည် ဖြစ်ကြောင်း သိရသည်။ Ref : Football Italia

Trs : ML

ဘုန်းမောက်အသင်းက လီဗာပူးအသင်း လူငယ်တိုက်စစ်မှူး ဗန်ဒို့ခ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူ

လန်ဒန် သြဂုတ် ၁၉

ဘုန်းမောက် အသင်းသည် တိုက်စစ်ပိုင်းမှ အုတ်တာရာကို ဘရန်ဒို့ဖြိုဒ်အသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် လီဗာပူးအသင်းမှ အသက် ၁၉ နှစ်ရှိ တိုက်စစ်ကစားသမား ဗန်ဒို့ခ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူအစားထိုးနိုင်ခဲ့သည်။

နည်းပြ အီရာအိုလာသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဗန်ဒို့ခ်ကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းအသုံးပြုခဲ့ရကာ ကစားသမားကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

ဗန်ဒို့ခ်သည် ယခုအပြောင်းအရွှေ့ကာလတွင် ဘုန်းမောက်အသင်းကခေါ်ယူခဲ့သည့် ကွင်းလယ်ကစားသမား ထရုဖက်၊ ဂိုးသမားပက်ထရိုဗစ်၊ ခံစစ်ကစားသမား ဒီယာကီတီတို့နောက်တွင် လေးယောက်မြောက်ကစားသမား ခေါ်ယူမှုဖြစ်ခဲ့သည်။

ၫင်းသည် ၂၀၂၂ ခုနှစ်က စကော့တလန်ကလပ် ဆဲလ်တစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခြောက်သိန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းကြီးနှင့်အတူ ပြိုင်ပွဲစုံ ၁၀ ပွဲထိ ကစားခွင့်ရရှိခဲ့သူဖြစ်ကာ ၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီကလည်း ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းသို့ အငှားစေလွှတ်ခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူ၍ ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဘုန်းမောက်အသင်းက စတာလင်ပေါင် ၄၂ သန်းဖြင့် ရောင်းချခဲ့သည့် တိုက်စစ်မှူး အုတ်တာရာ၏နေရာတွင် အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လူငယ်တိုက်စစ်မှူး ဘန်ဒို့ခ်သည် ဘုန်းမောက်အသင်းနှင့်အတူ လာမည့် စနေနေ့တွင်ကစားမည့် ဝုဗ်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားစာရင်းတွင် ပါ၀င်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်း ဒုတိယဆုရရှိ

ဟန္ဒိုင်း သြဂုတ် ၁၉

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် ၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းနှင့် သြစတြေးလျအမျိုးသမီးအသင်းတို့ တွေ့ဆုံခဲ့ရာ မြန်မာအမျိုးသမီးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အရေးနိမ်ခဲ့မှုကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြီး ဒုတိယဆုသာ ဆွတ်ခူးခဲ့သည်။

အဆိုပါပွဲစဉ်ကို မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပွဲစကတည်းက နှစ်သင်းစလုံးအနိုင်ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားလာခဲ့သော်လည်း သြစတြေးလျအသင်းက အရပ်အမောင်းအားသာချက်ကို အကောင်းဆုံးအသုံးချ၍ အမြင့်ဘောများဖြင့်သာ မြန်မာအသင်းကိုဆက်တိုက်ဖိအားပေးမှုများ ပြုလုပ်ခဲ့သောကြောင့် မြန်မာအသင်းအနေဖြင့် ခံစစ်အားပြု၍ ထိန်းချုပ်ခဲ့ရပြီး ပွဲကစားချိန် ၄၄ မိနစ်အရောက်၌ ယူပါခိုင် ဒဏ်ရာကြောင့် လူစားလဲခဲ့ရသော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အဓိကကစားသမားတစ်ဦးဖြစ်သည့် စန်းသော်သော်နေရာ၌ ယွန်းဝီလှိုင်ကို ထည့်သွင်းကစားခဲ့သော်လည်း သြစတြေးလျအသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရပြီး မြန်မာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်ထိုးဖောက်နိုင်ခဲ့သော်လည်း သြစတြေးလျအသင်း ခံစစ်ပိုင်းတားဆီးနိုင်မှုကြောင့် ဂိုးရရှိရန် ခက်ခဲလာခဲ့ပြီး ပွဲကစားချိန် ၆၆ မိနစ်အရောက်တွင် သြစတြေးလျအသင်းက ရရှိလာသည့် ဖြတ်တောက်ဘောမှ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မြန်မာအသင်းအနေဖြင့် ချေပဂိုးရရှိရေးကြိုးပမ်းလာခဲ့ပြီး ပွဲကစားချိန် မိနစ် ၈၀ ကျော်တွင် တိုက်စစ်ပိုင်းကစားအား မြင့်တက်လာသော်လည်း အပိုင်အခွင့်အရေးများ ရယူနိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည်။

ယခုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည့် ဝင်းသိဂီထွန်းက ဂိုးသွင်းအများဆုံးကစားသမားဆုနှင့် မျိုးမြမြငြိမ်းက အကောင်းဆုံးဂိုးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ML

WBO က အူဆက်ခ်၏ အောင်မြင်မှုကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အတွက် ပြိုင်ဘက်ကို စိတ်ကြိုက်ရွေးချယ်ခွင့်ပြု

မကွန်ဆီကိုစီးတီး သြဂုတ် ၁၉

ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကို ရရှိထားသည့် အူဆက်ခ်သည် စည်းမျဉ်းသတ်မှတ်ချက်အရ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အတွက် ယာယီချန်ပီယံဖြစ်သူ နယူးဇီလန် လက်ဝှေ့သမားဂျိုးဆပ်စ်ပါကားနှင့် ထိုးသတ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

WBOကလည်း အူဆက်ခ်အား ဂျိုးဆပ်စ်ပါကားနှင့်ဆွေးနွေးသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကစားသမားဘဝ၏နောက်ဆုံးပွဲစဉ်ကို ထိုးသတ်သွားဖွယ်ရှိနေသည့် လက်ဝှေ့လောကမှ အအောင်မြင်ဆုံးသော အူဆက်ခ်အား ဂုဏ်ပြုလိုသည့်အတွက် ယာယီချန်ပီယံ၏စိန်ခေါ်မှုကို လက်ခံထိုးသတ်သွားရမည့် စည်းမျဉ်းအား ကင်းလွတ်ခွင့်ပေးလိုက်ကြောင်း WBOက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အူဆက်ခ်သည် ပြီးခဲ့သည့် ဇူလိုင်လက ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲစဉ်တွင် ဗြိတိန်လက်ဝှေ့သမား ဒူဘွိုက်စ်အား ငါးချီမြောက်၌ ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရခဲ့ပြီး ယင်းပွဲစဉ်တွင် ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည်။

အူဆက်ခ်၏ ဒါရိုက်တာ လာပင်က "အူဆက်ခ်နဲ့ သူ့အသင်းက ကျွန်တော်တို့အားလုံးဟာ ပြိုင်ဘက်အားလုံးကိုအမြဲတမ်းလေးစားမှုအပြည့်ရှိပါတယ်။လက်ဝှေ့အဖွဲ့ချုပ်အသီးသီးရဲ့စည်းမျဉ်းဥပဒေတွေအပေါ်မှာလဲလေးစားမှု အပြည့်အဝရှိပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်းမှာ အူဆက်ခ်ဟာ သမိုင်းဝင်အောင်မြင်မှုတွေဆွတ်ခူးနိုင်ခဲ့တယ်။ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အူဆက်ခ်လို ချန်ပီယံတစ်ယောက်အနေနဲ့ သူ့ကိုယ်ခန္ဓာကိုပြန်လည်အားဖြည့်ဖို့အတွက် လုံလောက်တဲ့အချိန်ရရှိနိုင်မဲ့အခွင့်အရေးတွေနဲ့ ထိုက်တန်တယ်လို့ ကျွန်တော်တို့ယူဆတယ်။ နောက်တစ်ချက်က သူထိုးသတ်သွားချင်တဲ့ ပြိုင်ဘက်ကို သူကိုယ်တိုင်ရွေးချယ်သွားနိုင်တဲ့အခွင့်အရေးနဲ့ ပိုပြီးတော့ ထိုက်တန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL

အာဆီယံဒေသတွင်း၌ တန်ဖိုးမြင့်တက်မှုအများဆုံးလိုဂ်အဖြစ် မြန်မာနေရှင်နယ်လိုဂ် ရပ်တည်

ရန်ကုန် သြဂုတ် ၁၉

အာဆီယံ ဒေသတွင်းရှိ ပြည်တွင်းလိုဂ်များတွင် တန်ဖိုးအကြီးဆုံး လိုဂ်များစာရင်း၌ တန်ဖိုးမြင့်တက်မှုအများဆုံးလိုဂ်အဖြစ် မြန်မာနေရှင်နယ်လိုဂ်က ရပ်တည်ခဲ့ကြောင်း သိရသည်။

အာဆီယံဒေသတွင်းလိုဂ်များ၌ ဈေးကွက်တန်ကြေး သတ်မှတ်ချက်အရမြန်မာနေရှင်နယ်လိုဂ်ပြိုင်ပွဲ၏ ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၅ သန်းထိ မြင့်တက်လာခဲ့ပြီးနောက် ဈေးကွက်တန်ဖိုးအမြင့်တက်ဆုံးလိုဂ်ဖြစ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ နေရှင်နယ်လိုဂ်ပြိုင်ပွဲသည် ကိုဗစ်ကာလအတွင်းပြိုင်ပွဲ ကိုရပ်နားခဲ့ပြီးနောက် အခက်အခဲများနှင့်ကြုံခဲ့ရသော်လည်း ကိုဗစ်ကာလအလွန်တွင် ပြန်လည်ကျင်းပခဲ့ပြီးနောက် ဈေးကွက်တန်ဖိုး ပြန်လည်မြင့်တက်လာခဲ့သည်။

အာဆီယံဒေသတွင်းလိုဂ်များ၌ ဈေးကွက်တန်ကြေး ပြောင်းလဲမှုများတွင် မလေးရှားစူပါလိုဂ်၊ စင်ကာပူပရီးမီးယားလိုဂ်၊ ဖိလစ်ပိုင်လိုဂ်ပြိုင်ပွဲတို့မှာ တန်ဖိုးများ ကျဆင်းခဲ့ကြပြီး ကျွန်လိုဂ်များမှာ အသီးသီးတန်ကြေးများ မြင့်တက်ခဲ့ကြသည်။

အာဆီယံဒေသတွင်းလိုဂ်များ၌ ဈေးကွက်တန်ကြေး အများဆုံးလိုဂ်စာရင်းတွင် ထိုင်းလိုဂ်-၁ ပြိုင်ပွဲက အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၄သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ထိုင်းလိုဂ်-၁ ပြိုင်ပွဲနောက်တွင် အင်ဒိုနီးရှားစူပါလိုဂ်ပြိုင်ပွဲက ၇၁ ဒသမ၅၄သန်း၊ ဗီယက်နမ်လိုဂ်-၁ က ၅၃ ဒသမ ၇၄သန်း၊ မလေးရှားစူပါလိုဂ်ပြိုင်ပွဲက ၅၁ ဒသမ ၀၉သန်း၊ စင်ကာပူ ပရီးမီးယားလိုဂ်ပြိုင်ပွဲက ၁၉ဒသမ၀၁သန်း၊ မြန်မာနေရှင်နယ်လိုဂ်ပြိုင်ပွဲက ၁၇ ဒသမ ၄၃ သန်း၊ ကမ္ဘောဒီးယားလိုဂ်က ၁၅ ဒသမ ၉၉သန်း၊ ဖိလစ်ပိုင်လိုဂ်က ၇ဒသမ၉၃သန်းနှင့် လာအိုလိုဂ်-၁ ပြိုင်ပွဲက ၅ ဒသမ ၁၇ သန်းဖြင့် အသီးသီးရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

နာပိုလီအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်မှူးဗာဒီကို ခေါ်ယူရန်ပြင်ဆင်

ရောမ သြဂုတ် ၁၉

နာပိုလီအသင်းက အသင်းမှ အဓိက တိုက်စစ်ကစားသမား လူကာကူဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဗာဒီနှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

နာပိုလီအသင်းအဓိကတိုက်စစ်ကစားသမား တစ်ဦးဖြစ်သည့် လူကာကူသည် ရာသီအစပိုင်းတွင် ပင်ဒဏ်ရာရရှိခဲ့ပြီးနောက် အနည်းဆုံးသုံးလခန့်ထိ ကာလရှည် အနားယူရမည်ဖြစ်သည့်အတွက် အပြောင်းအရွှေ့ကာလမပြီးဆုံးမီ တိုက်စစ်ကစားသမားတစ်ဦး ရှာဖွေခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက နာပိုလီအသင်းက မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဟိုက်လန်းကို ခေါ်ယူလိုနေခဲ့သော်လည်း ဟိုက်လန်းကိုယ်တိုင်က မန်ယူအသင်းတွင်သာဆက်လက်ကစားလိုသည့်အတွက် ဗာဒီကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ဗာဒီသည်လည်းပရော်ဖက်ရှင်နယ်ကစားသမားဘဝကို လက်စတာအသင်းနှင့်စတင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေကာ ကစားသမားဘဝမှ အနားယူရန်အစီအစဉ်မရှိသေးသောကြောင့် နာပိုလီအသင်းက လူကာကူ၏နေရာတွင် ကာလတိုအသုံးပြုရန်အတွက်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

Tour Championship ပြိုင်ပွဲတွင် ပါဝင်မည်ဖြစ်ကြောင်း မက်အီလ်ရှိုင်းပြောကြား

ဝါရှင်တန် သြဂုတ် ၁၉

FedEx Cup ဂေါက်သီးရိုက်ပြိုင်ပွဲများဖြစ်သည့် FedEx St. Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း မရှိသည့် မက်အီလ်ရှိုင်းသည်Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

FedEx Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၏စည်းမျဉ်းအရ FedEx St. Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြိုင်ပွဲဝင်ဦးရေ ၇၀ ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲမှရလဒ်အကောင်းဆုံး ပြိုင်ပွဲဝင်ဦးရေ ၅၀ ဖြင့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရလဒ်အကောင်းဆုံးပြိုင်ပွဲဝင် ဦးရေ ၃၀ ဖြင့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

မက်အီလ်ရှိုင်းသည် ယခင်ပြိုင်ပွဲနှစ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသော်လည်း ၎င်းအနေဖြင့် တစ်နှစ်တာပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော ရလဒ်များအရ FedEx Cup အမှတ်ပေးဇယား၌ စကော့တီရှက်ဖလာ၏နောက် ဒုတိယနေရာတွင် ရပ်တည်နေသည့်အတွက် ပြိုင်ပွဲဝင် ဦးရေ ၃၀ ဖြင့်ယှဉ်ပြိုင်သွားမည့်Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရထားခြင်းလည်းဖြစ်သည်။

Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၇၂ ကျင်းယှဉ်ပြိုင်ပြီးပါက အမှတ်ပေးဇယားကိုဦးဆောင်နိုင်မည့် ပြိုင်ပွဲဝင်အနေဖြင့် Tour Championshipဂေါက်သီးရိုက်ပြိုင်ပွဲ၏ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရုံသာမက FedEx Cupချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

Ref : RT
Trs : AZL

နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

အာကာမောင်မောင်

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ လွန်စွာပေါကြွယ်သည့်နိုင်ငံဖြစ်သည်။ အဆိုပါ ရေမြေသယံဇာတကို အသုံးချနိုင်ရန်အတွက် လယ်ယာလုပ်ကိုင်ခြင်း၊ တောင်ယာလုပ်ကိုင်ခြင်း ဟူသော စိုက်ပျိုးရေးလုပ်ငန်း၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသည့်တိရစ္ဆာန်များမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။ စိုက်ပျိုးမွေးမြူရေးသည် မြန်မာနိုင်ငံသားအများစု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည်။ အဆိုပါလုပ်ငန်းများမှာ ဘိုးဘွားအစဉ်အဆက်က လုပ်ဆောင်လာသည့် လုပ်ငန်းများဖြစ်ပြီး သားစဉ်မြေးဆက် ဆက်လက် လုပ်ကိုင်နေရမည့်လုပ်ငန်းလည်းဖြစ်သည်။ မြေကြီးကို ပိုင်နိုင်စွာအသုံးချနိုင်လေ မိမိတို့လုပ်ငန်းများ အောင်မြင်လေဖြစ်ပေမည်။ အဓိကထားရှိရမည်မှာ အလုပ်လုပ်ချင်စိတ်ဖြစ်သည်။ မိမိအလုပ်ကိုမိမိ အမှန်တကယ်ချစ်မြတ်နိုးစွာ လုပ်ဆောင်မည်ဆိုပါက အဆိုပါအလုပ်က မိမိတို့မိသားစုစားဝတ်နေရေးကို ပြေလည်စေသည့်အပြင် နိုင်ငံအတွက်စားရေရိက္ခာကို ဖြည့်ဆည်းပေးရာလည်း ရောက်ပေမည်။

ကမ္ဘာကြီးသက်တမ်းသည် နှစ်ကြာလာသည် နှင့်အမျှ နည်းပညာတိုးတက်မှုလည်း တစ်နေ့ထက်တစ်နေ့ မြင့်မားလာနေပြီဖြစ်သည်။ လုပ်ငန်းများတွင် နည်းပညာကိုအသုံးမပြုဘဲ အောင်မြင်သည့်လုပ်ငန်းရှိလိမ့်မည်မဟုတ်ပေ။ ဥပမာအားဖြင့် စပါးအထွက်နှုန်း တိုးလိုပါသလား၊ နည်းပညာ လိုအပ်သည်။ မွေးမြူရေးတွင် အသားအထွက်တိုးလိုပါသလား၊ နည်းပညာလိုအပ်သည်။ နည်းပညာကို အသုံးပြု၍ လုပ်ငန်းများအောင်မြင်လာလျှင် နိုင်ငံသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်း ပေါ်သို့ရောက်ရှိနေမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်သည်ထိ အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပပို့ကုန်မြှင့်တင်ပြီး ပြည်ပမှသွင်းကုန်များ လျော့နည်းနိုင်သမျှ လျော့နည်းလာမည်ဆိုပါက နိုင်ငံ့ဝင်ငွေ များပြားလာမည်ဖြစ်သည်။ နိုင်ငံ့ဝင်ငွေ များပြားလာပါက နိုင်ငံသည် ရှေသီးနေမည်ဖြစ်သည်။

မိမိအလုပ်ကိုမိမိ ကြိုးစားလုပ်ကိုင်သူတို့သည် ကြီးပွားချမ်းသာခြင်းလမ်းကြောင်းပေါ်တွင် ရှိနေကြသူများဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းဟူသည် သူ့အလိုအလျောက်မိမိထံသို့ရောက်လာမည် မဟုတ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းကို ရှာဖွေကြရသည်။ အချို့က မိမိ၏အတတ်ပညာနှင့် လိုက်လျောညီထွေရှိသော အလုပ်ကိုလုပ်ကိုင်ကြသည်။ အချို့က မိမိ၏အသိပညာနှင့်ဆိုင်သော လုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ မည်သို့ဆိုပါစေ အလုပ်ဟူသည် ရှာဖွေလုပ်ကိုင်ရသည့် အရာများ သာဖြစ်သကဲ့သို့ အလုပ်လုပ်ရန်အတွက် သက်ဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းနေကြရမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများက ရှိထားပြီးသားဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်၏တာဝန် အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ခဲ့ရသည်။ အဆိုပါ ကာလတွင်ရှေ့လုပ်ငန်း စဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အတူ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို မတိမ်းစောင်းအောင် ထိန်းသိမ်းပေးခဲ့သည်။ စီးပွားရေးကဏ္ဍတွင် ယခင်အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံထိ တိုးတက်ရရှိခဲ့သည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ နိုင်ငံတော်အာဏာ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက် (၄) ရပ် ချမှတ်ခဲ့သည်။ အဆိုပါ ဦးတည်ချက်များတွင် ဒုတိယဦးတည်ချက်မှာ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုး တက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဖြစ်သည်။ အဆိုပါ ဦးတည်ချက်ကို အောင်မြင်အောင်လုပ်ဆောင်နိုင်ပါက နိုင်ငံတော်သည် ရှေသီးနေမည်ဖြစ်သည်။

❖ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်လာပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုများကို အထူးပင်အားပေးနေသည့်အတွက် သက်ဆိုင်သူများ အနေဖြင့် အလုပ်ကို အမှန်တကယ်အောင်မြင်အောင် လုပ်ကြရန် သာဖြစ်သည်။❖

ဦးပွားချမ်းသာခြင်းလမ်းကြောင်းပေါ်တွင် ရှိနေကြသူများ ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ ကောင်းမွန်ရန်အတွက် ကျေးလက်ဒေသနေလူဦးရေသည် နိုင်ငံ့ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့် ရှိသည်။ စိုက်ပျိုးရေးကဏ္ဍသည် လူသားတို့အသက်ရှင်သန်ရန်အတွက် စားရေရိက္ခာထုတ်လုပ်ပေးသည့်အတွက် မရှိမဖြစ်၊ မလုပ်မဖြစ်သော လုပ်ငန်းဖြစ်သည်။ မြေကြီးက ရွှေသီးသည်ဟူသော စကားရပ်မှာ သဘာဝမြေကြီးကို အကျိုးရှိရှိအသုံးပြုကာ လုပ်ငန်းများတိုးတက်အောင် စွမ်းဆောင်ခြင်းဖြင့် ဝင်ငွေများရရှိလာမည်။ ဤသို့ဖြင့် မြေကြီးကရွှေသီးသည်ဟု တင်စားခြင်းဖြစ်သည်။ ယခုအခါ "နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသည့်ဆောင်ပုဒ်သည် လက်တွေ့ကျကျ ဖြစ်နိုင်သော ဆောင်ပုဒ်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသူများသည် မိမိတို့လုပ်ကိုင်နေသည့် စိုက်ပျိုးရေး လုပ်ငန်းကြီး ပိုမိုတိုးတက်ရေးကို တီထွင်ကြံဆနေကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် နည်းပညာများ တိုးတက်လာမှုကြောင့် လယ်ယာလုပ်ငန်းအားလုံးနီးပါးမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလာကြပြီဖြစ်သည်။ သာမန်စိုက်ပျိုးခြင်းမှ အဆင့်မြင့်နည်းပညာများအသုံးပြု၍ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ထိုမှတစ်ဆင့် လုပ်ငန်းများပိုမိုအောင်မြင်စေရန်အတွက် သီးနှံတိုင်းတွင် ပန်းတိုင်အထွက်နှုန်းသတ်မှတ်ချက်များရှိလာပြီဖြစ်သည်။ အဆိုပါပန်းတိုင်အထွက်နှုန်းသို့ ရောက်ရှိအောင်ဆောင်ရွက်ကြခြင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူများ၏ စီးပွားရေးသည်ကောင်းမွန်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးမှာလည်း တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်သည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ စီးပွားရေးကိုအောင်မြင်အောင် လုပ်ကိုင်နိုင်ရန်မှာ မိမိတို့တွင်ရှိနေသော စီးပွားရေးလုပ်ငန်းကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းမှာ အခြေခံဖြစ်သည်။ မိမိတို့လုပ်ဆောင်ချက်သည် မိမိနှင့်မိသားစု ကြီးပွားတိုးတက်ရေးဖြစ်သည်။ ကြီးပွားချမ်းသာသူ ပေါများလာမှ နိုင်ငံတော်တွင် ဆင်းရဲမွဲတေမှုပပျောက်မည်ဖြစ်သည်။ ဆင်းရဲခြင်းကင်းစေဖို့ဆိုလျှင် အလုပ်လုပ်ခြင်းဖြင့်သာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းတွင်အဓိကအချက်များဖြစ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း"ဟူသောလိုအပ်ချက်များကို ဖြည့်ဆည်းထားနိုင်ရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးခြင်းဖြင့် စျေးကွက်ဝင်သော သီးနှံကောင်းများ ထွက်ရှိမည်။ လက်ရှိ ရှိနေသောမြေကြီးသည် ထွန်ယက်စိုက်ပျိုးမှု နှစ်ပေါင်းရှည်ကြာလာသည့်အခါ မြေဆီမြေလွှာများ လျော့နည်းလာမည်ဖြစ်သည်။ အဆိုပါအားနည်းချက်ကို မြေသြဇာအသုံးပြုခြင်းဖြင့် ဖြည့်ဆည်းရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြေသြဇာနှင့်ပတ်သက်၍လည်း ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းများ ဆောင်ရွက်ပေးသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေသည်လည်း မရှိမဖြစ်သောအရာဖြစ်သည်။

မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ရေရရှိမှု ခက်ခဲသည့်အတွက် ရေလှောင်တမံများ၊ မြစ်ရေတင် လုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများ ရေရရှိရေးအတွက် "မိုးရွာ တုန်းရေခံ"ဆိုသည့်စကားအတိုင်း မိုးရေကိုသိုလှောင်ခြင်းမျိုး လုပ်ဆောင်ရမည်ဖြစ်သည်။ မည်သည့် လုပ်ငန်းမဆို နည်းပညာသည် လိုအပ်သည်။ နည်းပညာလိုအပ်မှုအတွက် နိုင်ငံတော် အစိုးရအနေဖြင့် သုတေသနပြုလုပ်ဆောင်ရွက်ခြင်း၊ ပညာရှင်များ မွေးထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့တွင် နည်းပညာများကိုအသုံးပြု၍ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်လာပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုများကို အထူးပင် အားပေးနေသည့်အတွက် သက်ဆိုင်သူများအနေဖြင့် အလုပ်ကို အမှန်တကယ်အောင်မြင်အောင်လုပ်ကြ ရန်သာဖြစ်သည်။

အလုပ်ကိစ္စစပ်သေချာစနစ်တကျလုပ်ဆောင်မှုအားနည်းသည့်အခါ ရသင့်သလောက် အကျိုးအမြတ်မရရှိ၍ နစ်နာသူမှာ ကာယကံရှင်များဖြစ်သည်ဟုဆိုနိုင်သော်လည်း နိုင်ငံ့စီးပွားရေးကိုလည်း တစ်နည်းနည်းဖြင့် ရိုက်ခတ်လာမည်ဖြစ်သည်။ မိမိတို့ပိုင်ဆိုင်ထားသည့် စိုက်ပျိုးမြေများအပါအဝင် ဖြစ်နိုင်ခြေရှိနိုင်သည်များကို အကျိုးရှိရှိစနစ်တကျ အသုံးချနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင်ပန်းတိုင် ရည်မှန်းချက်များရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း ကြောင့် ထုတ်ကုန်ပစ္စည်းများမရှိပါက ရောင်းကုန် ပစ္စည်းများလည်း ရရှိမည်မဟုတ်ပေ။ ထိုအခါဝင်ငွေ မှာလည်း ဝင်လာမည်မဟုတ်ပေ။

စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းနှင့် သီးထပ်စွမ်းအား ပြည့်မီမှုမရှိ ခြင်းတို့ကြောင့် နိုင်ငံ့ဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် လျော့နည်းထိခိုက် နစ်နာလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ လျော့နည်းမှုကို ဖြည့်တင်းရန်မှာ ပန်းတိုင်ရည်မှန်း ချက် ပြည့်မီအောင်စိုက်ပျိုးခြင်းဖြစ်သည်။ ထိုသို့ ပြည့်မီပါက ရောင်းကုန်ပစ္စည်းများရရှိပြီး ကုန်သွယ်မှု လိုင်ငွေများရှိနိုင်မည် မဟုတ်တော့ပေ။

ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူ များဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသည်။ ကျေးလက်စီးပွား မြင့်တင်ရေးကို အလေးထားဆောင်ရွက်နေချိန်တွင် လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ယခင်ကထက် ပိုမိုကြိုးစားအားထုတ်မှု ပြုကြရမည်ဖြစ်သည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ စိုက်ပျိုးမြေ ၈၈ ၆ ဒသမ ၃၉ သန်း မြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံ ပေါ်တွင်ထိုင်နေသည့် တိုင်းပြည်အဖြစ်ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်မှာ လူတိုင်းက အမှန်တကယ် အလုပ်လုပ်ကိုင်ကြရန် ဖြစ်သည်။ ပိုမိုတိုးတက်ကြီးပွားလိုပါလျှင် ပိုမို တိုးတက်အောင်ကြိုးစားကြရမည်ဖြစ်သည်။ သာမန် လုပ်ရိုးလုပ်စဉ်ထက် ပိုမိုသောကာယအား၊ ဉာဏ်အား၊ မိတ်ဆွေအားတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးစားလုပ်ဆောင်ပါလျှင် ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားလည်း မြင့်မားလာမည်မှာ အမှန်ဖြစ်သည်။

နိုင်ငံ့စီးပွားမြင့်မားရေးတွင် ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို တိုးတက်နေရမည်ဖြစ်သည်။ အထူးသဖြင့် တိုးတက် ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကာ ပြည်ပသို့ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင် ရမည်ဖြစ်သည်။ MSME လုပ်ငန်းများ ကျယ်ပြန့်လာ သည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အစဉ်တစိုက်အားပေးလျက်ရှိ သည်။ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့်လေ့ကျင့် သင်ကြားပေးမှုများကိုဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်း မွန်လာပါက ပြည်ပဈေးကွက်လည်း တွင်ကျယ် လာပြီး နိုင်ငံတော်အတွက် ငွေကြေးများရရှိမည် ဖြစ်၍ "နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေး စို့" ဟူသည့်ဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ပိုမို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးစားရမည် ဖြစ်ပေသည်။

လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် သြဂုတ်လတတိယပတ်မှစတင်ကာ ဇာတ်အိမ်တည်ရိုက်ကူးသွားမည်

ရန်ကုန် သြဂုတ် ၁၉

ကံသာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လူတွေ လမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် သြဂုတ်လ တတိယပတ်မှ စတင်ကာ ဇာတ်အိမ်တည် ရိုက်ကူးသွားမည် ဖြစ်ကြောင်း အဆိုပါမြန်မာရုပ်ရှင် ဇာတ်ကား၏ ထုတ်လုပ်သူနှင့် အဓိကသရုပ်ဆောင်ဖြစ်သူ နေမင်းထိမှ သိရသည်။

အဆိုပါ လူတွေလမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ချစ်မင်းဝေက ခံစားရေးဖွဲ့ထားပြီး ဒီဒီထက်အောင်နှင့် အောင်ကြီးတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာမီးပွားက ကံသာ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ အခြေခံ လူတန်းစားတွေရဲ့ ဘဝ၊ စိတ်ပိုင်းဆိုင်ရာတွေ၊ သူတို့တွေ မလွဲမသွေ ကြုံတွေ့နေရတဲ့ ဘဝရဲ့မွန်းကြပ်မှုတွေ၊အဲဒီထဲကနေသူတို့ နည်းလမ်းပေါင်းစုံနဲ့ ရုန်းထွက်ဖို့ ကြိုးစားကြတယ်ပေါ့။ အဲ့ဒီလို ကြိုးစားရင်းနဲ့ နစ်သတဲ့ နစ်သွားတဲ့ အဖြစ်အပျက်တွေကို မြင်ရမှာပေါ့။ မြန်မာနိုင်ငံမှာရှိတဲ့ တကယ့်ဘဝတွေရဲ့ တစ်စိတ်တစ်ဒေသကို မြင်ရမှာပါ" ဟု သရုပ်ဆောင် နေမင်းက ပြောပြသည်။

အဆိုပါ လူတွေလမ်းတွေ အလုပ်အကိုင်တွေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ နေမင်း၊ ဖြိုးမြတ်အောင်၊ ဘိုချမ်း၊ ကျော်ဝင်းထွဋ်၊ ရဲလွင်ဦး၊ ယောင်းဝီ၊ ဘချစ်၊ ဇေယျတု၊ ဆယ့်သုံး၊ ဘုန်းမြင့်၊ မိုးဟေကို၊ ဖူးစုံ၊ ဟေမာန်အောင်အောင်၊ ယွန်းဝတ်လွှာအောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်မည် ဖြစ်ကြောင်း သိရသည်။ ASH

Jason Bourne ဝတ္ထုများကို ရုပ်ရှင်အဖြစ် ရိုက်ကူးခွင့် ယူနီဗာဆယ်ကုမ္ပဏီရရှိထား

နယူးယောက် သြဂုတ် ၁၉

စာရေးဆရာ ရောဘတ်လပ်လမ်း၏ Jason Bourne ဝတ္ထုများနှင့် Tread Stone ဝတ္ထုများအား ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးခွင့်ကို ယူနီဗာဆယ်ကုမ္ပဏီက ရရှိထားကြောင်း သြဂုတ် ၁၈ ရက်သတင်းများအရ သိရသည်။

သို့ဖြစ်ရာ ယူနီဗာဆယ်ကုမ္ပဏီအနေဖြင့် သူလျှို့လောကနောက်ခံ Jason Bourne ရုပ်ရှင်ဇာတ်ကားသစ်များကို ဆက်လက်ရိုက်ကူးနိုင်မည်ဖြစ်သည်။

ယူနီဗာဆယ်ကုမ္ပဏီသည် ပထမဆုံး Jason Bourne ဇာတ်ကားကို ၂၀၀၂ ခုနှစ်တွင် စတင်ရိုက်ကူး ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ယူနီဗာဆယ်ကုမ္ပဏီသည် ၂၀၀၄ ခုနှစ်တွင် The Bourne Ultimatum၊ ၂၀၀၇ ခုနှစ်တွင် The Bourne Supremacy နှင့် ၂၀၁၂ ခုနှစ်တွင် The Bourne Legacy ဇာတ်ကားများကို ဆက်လက်ရိုက်ကူး ထုတ်လုပ်ခဲ့သည်။

လက်ရှိအချိန်တွင် ယူနီဗာဆယ်ကုမ္ပဏီသည် Jason Bourne ဇာတ်ကားသစ်များ ရိုက်ကူးရေးအတွက် ပြင်ဆင်မှုများစတင်နေပြီဖြစ်သည်။

Ref : Sputnik News
Trs : KKO

တေးသံရှင် စိုးပိုင်နှင့် နွဲ့ယဉ်ဝင်းတို့၏ 80's Night တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်



ရန်ကုန် သြဂုတ် ၁၉

တေးသံရှင် စိုးပိုင်နှင့်နွဲ့ယဉ်ဝင်းတို့၏ 80's Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် နွဲ့ယဉ်ဝင်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် စိုးပိုင်နှင့် နွဲ့ယဉ်ဝင်းတို့၏ 80's Night တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် လာမည့် သြဂုတ် ၂၃ ရက် ညတွင် Judson Band တေးဂီတအဖွဲ့၏အကောင်းဆုံးပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။

"အခုလို မိုးအေးအေးလေးမှာ သီချင်းနားထောင်ရင်း ငယ်ဘဝရဲ့ ရင်ခုန်စရာ အမှတ်တရလေးတွေ ဆီ တစ်ခေါက် ပြန်လည် ရောက်ရှိအောင် 80's Night ပွဲလေးတစ်ပွဲကို စီစဉ်ပေးလိုက်ပါတယ်နော်။ ဒီပွဲမှာ ဆိုရင် Judson Band ရဲ့ တီးခတ်မှုတွေနဲ့အတူ အသံပါဝါကောင်းကောင်းနဲ့ သီဆိုတတ်တဲ့ Judson In-House Vocalists တွေ DJ Artists တွေ Dancer လေးတွေရဲ့ Live Performance အပြည့်နဲ့ ကူညီပံ့ပိုး ဖျော်ဖြေတင်ဆက်ပေးသွားမှာမို့ လာရောက်ခံစားပေးကြပါအုံး" ဟု တေးသံရှင် နွဲ့ယဉ်ဝင်းက ပြောပြသည်။

အဆိုပါ တေးဂီတ ဖျော်ဖြေပွဲကို သြဂုတ် ၂၃ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

ASH

The Basics of Philosophy ဇာတ်ကား၌ ဒန်နီယယ်ဇိုဗက်တို့နှင့် ဘီလ်ပူးလ်မန်းတို့ ပါဝင်ထား

နယူးယောက် သြဂုတ် ၁၉

The Basics of Philosophy အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒန်နီယယ်ဇိုဗက်တို့၊ ဘီလ်ပူးလ်မန်းနှင့် ရီလိုဖာနန်ဒက်တို့လည်း ပါဝင်ထားကြောင်း သြဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ အမျိုးသား သရုပ်ဆောင် သုံးဦး The Basics of Philosophy အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂျက်ဟူစတန်၊ မင်းသမီး ဆိုဖီယာ ဘူတယ်လာတို့နှင့်အတူ သရုပ်ဆောင်ထားခြင်း ဖြစ်ကြောင်း သိရသည်။

The Basics of Philosophy ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ရှရာဒါက တာဝန်ယူရိုက်ကူးနေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် အတိတ်ကာလ ဆုံးဖြတ်ချက်တစ်ရပ်အတွက် နောင်တအကြီးအကျယ်ရနေသည့် ဒဿနိကဗေဒ ပါမောက္ခတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Basics of Philosophy ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ရှရာဒါကပင် ရေးသားပေးထားသည်။

Ref : Russia Today
Trs : KKO

CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းမှ လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို သြဂုတ် ၂၄ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်

ရန်ကုန် သြဂုတ် ၁၉

CANAL+ ZAT LENN အခပေး ရုပ်သံလိုင်းက လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို သြဂုတ် ၂၄ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေပတ်ကား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကိုဇော် (အာရဏ်ဦး)နက ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော် ရိုက်ကူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

" ကျွန်တော့်အနေနဲ့ သရုပ်ဆောင်တွေ ကာရိုက်တာမတူ အောင်တော့ သေချာပြင်ဆင်ရိုက်ကူးထားပါတယ်။ ကိုဇော်ဝင်းနိုင်တို့ ဆင်မတို့လဲ မတူတဲ့ ရှုထောင့်တွေကနေ သရုပ်ဆောင်ထားပါတယ်။ အချစ်ဟာသဇာတ် မြူးလေးပါပဲ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတုန်းက ရုံတင်ပြသခဲ့ပြီးပါပြီ။ ပရိသတ်တွေ အားပေးမှုလဲ ရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအနေနဲ့ ပြန်လွှင့်မှာပါ" ဟု ဒါရိုက်တာ ကိုဇော်(အာရဏ်ဦး)က ပြောပြသည်။

လေပတ်ကား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ထက်အောင်ရှိုင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ ကျင်ဝှက်၊ သွက်လက်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ မျိုးမျိုးခိုင် စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

National-level public movement tree-growing ceremony 2025 held in Minbu Township, Minbu District of Magway Region to green 13 dry zones

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing grows neem sapling

Senior General Min Aung Hlaing waters a neem sapling.

Daw Kyu Kyu Hla waters a neem sapling.

Nay Pyi Taw August 19

The National-level public movement tree-growing ceremony 2025 in Minbu Township, Minbu District of Magway Region to green 13 dry zones took place at the place between mileposts 4/7 and 5/0 on Minbu-Padan-An road in Minbu Township this morning, attended by Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing who grew a neem sapling.

The ceremony was also attended by Daw Kyu Kyu Hla, wife of the Senior General, Commission Joint Secretary Executive Chief General Ye Win Oo, Union ministers U Min Naung, U Khin Maung Yi and Dr Charlie Than, Magway Region Chief Minister U Tint Lwin, senior military officers from the Office of the Commander-in-Chief, the commander of Central Command, deputy ministers, departmental officials at township, district and Magway Region levels, town elders, teachers from universities, colleges and basic education schools, students, people from wards and villages and officials.

Speaking on the occasion, the Senior General said regarding the second round of monsoon public tree-growing ceremonies held in 2025 across 13 districts of the dry zone, it was stated in the opening remarks that tree-growing ceremonies have been personally led every monsoon season. In particular, the Senior General noted that because temperatures in the tropical regions are becoming increasingly hot, the second round of tree-growing is being carried out. On 11 July, the first tree-planting ceremony was personally led in Meiktila District. At the same time, tree-planting ceremonies were also conducted in 29 townships across the 13 dry zone districts, where about 35,000 trees were planted in total.

Today, a total of 1,000 saplings from seven species will be planted collectively as part of the public movement. Minbu is located within the tropical zone, and this region is currently experiencing irregular rainfall patterns, reduced rainfall, and extreme fluctuations in temperature. Last year, Minbu was listed among the 15 hottest cities in the world. Therefore, planting trees in this area is considered the best way to mitigate the impacts of extreme heat. Without trees, soil degradation will worsen, tree survival will decline, and the land will become overgrown with thorny shrubs. To prevent such outcomes, proactive tree planting and protective measures must be carried out.

It was noted that although natural disasters cannot be prevented, with people's preparedness, preventive measures, perseverance, and efforts, it is possible to provide a certain level of protection. Through tree planting and forest conservation, shade and shelter can be created, and the environment can become greener and more pleasant. In this region, more tree planting and environmental conservation activities should be carried out. As the saying goes, "One good tree can shelter ten thousand birds." When birds come to rest, they bring seeds with them, which sprout into new trees, further enriching and greening the natural environment.

Due to the limited access to electricity in this region, people rely on cutting firewood for cooking. During his tenure, the Senior General urged each village to establish a two-acre firewood plantation. There are 963 villages in Minbu District, and if each village plants two acres, nearly 2,000 acres could be established. If replanting is done annually, many more trees and forests will grow, greatly contributing to a greener environment. Similarly, if each household plants just one tree, with around 170,000 households in Minbu District, then annual planting would significantly increase forest cover. It was also remarked that if such planting efforts had been implemented consistently in the past, the climate conditions in this region would already have improved by now.

In 2005, forest cover in the country stood at 49 per cent, but it has now declined to only 42.19 per cent, a decrease of about 7 per cent. Efforts are being made to restore forest cover to around 50 per cent. According to reports, the Ministry of Natural Resources and Environmental Conservation planted a total of 16.27 million trees during the past period. At present, plans are also in place to expand tree planting in the 13 tropical districts under a five-year program from 2025-2026 to 2029-2030. If these planting efforts are carried out successfully, they will bring significant benefits to environmental greening and will also help mitigate the impacts of climate change.

It was stated that for roadside greening, shade trees will be planted along road areas, and small forest plantations of five acres, 10 acres, and similar sizes will be established. Therefore, local residents of Minbu were also urged to take part in making their region greener. In tree planting, it was emphasized that "every tree planted must be nurtured to survive." From the very beginning of the monsoon planting season, trees must be planted systematically to ensure their survival and growth. Those responsible for tending the forests and trees were also urged to take proper measures to strengthen the roots and help the trees thrive. It was noted that the benefits of the trees planted today will be enjoyed by future generations, and such efforts will be a valuable legacy handed down to them.

The tree-planting ceremony held today was described as a meaningful and auspicious event for the region, and gratitude was expressed to all participants who joined in the planting.

The Senior General and his wife planted a neem sapling at the designated place.

Commission Secretary Joint Executive Chief General Ye Win Oo, Union ministers U Min Naung, U Khin Maung Yi and Dr Charlie Than, Magway Region Chief Minister U Tint Lwin, senior military officers from the Office of the Commander-in-Chief, the commander of Central Command, departmental officials from township, district and region levels, town elders, deputy ministers, teachers, students and officials grew saplings at the same time.

The Senior General viewed round active participation of attendees in growing saplings at the ceremony.

At the ceremony, a total of 1,000 saplings of six species such as neem, Indian elm, gum-kino, Indian mahogany, Mezali, Flamboyant and Htonpauk were grown as the public activity. 100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Chairman of State Security and Peace Commission Senior General Min Aung Hlaing meets departmental officials and local elders from Minbu and discussed regional development: presents awards to a student who won the "The Whole Myanmar First" in science subject in the 2024-2025 matriculation examination with six distinctions and another six-distinction winner

Nay Pyi Taw August 19

Chairman of State Security and Peace Commission Senior General Min Aung Hlaing met departmental officials and local elders from Minbu at the Sasana Beikmandaw in Minbu and discussed regional development. The Senior General also presented awards to a student who won the "The Whole Myanmar First" in science subject in the 2024-2025 matriculation examination with six distinctions and another six-distinction winner.

Also present on the occasion together with the Senior General were his wife Daw Kyu Kyu Hla, SSPC Secretary Joint Executive Chief General Ye Win Oo and wife, union ministers U Min Naung, U Khin Maung Yi and Dr Charlie Than, Magway Region Chief Minister U Tint Lwin, senior military officers from Office of Commander-in-Chief and wives, the Central Command commander, officials, members of the region cabinet, teachers and students.

The district commissioner presented a report on ongoing development undertakings and agriculture activities in Minbu District, efforts to meet the targets of the main crops, rice and edible oil sufficiency in the district, success in cotton cultivation, endeavours for production development with the financial assistance of State economic development funds, opening of basic education schools and industrial and agriculture schools and matriculation examination pass rate, town-wise preparation for the coming election.

The region chief minister presented a supplementary report on advancing agriculture activities in the district, efforts to increase per acre yield, efforts to ensure rice sufficiency.

Local elders from Minbu, on behalf of the townspeople thanked the Senior General for the arrangements to ensure potable water sufficiency in Minbu, repair the home for the aged, build the Sasana Beikmandaw, the pride of Minbu, and renovate roads. They also presented a report on the need to build a college and install a spare river pump for the pumping station, greater success achieved in agriculture and MSME businesses with the financial help from the State economic development fund.

Senior General Min Aung Hlaing greets departmental officials and local elders from Minbu.

Union ministers U Min Naung, U Khin Maung Yi and Dr Charlie Than explained matters relating to field tours for growing rice species that are suitable with the area, grow high-yield and marketable rice species that are suitable with the area, further increase crop per-acre yield, extend vineyards in accord with the local demand as Minbu region is achieving success in grape cultivation, extend cotton sown acreage, opening of industrial and agriculture schools for providing human resources, tree-growing plans for greening the dry areas, the need to pay attention to greening activities that prevent desertification, production of bamboo-based goods in Minbu district, industrialization of the production industry, efforts for MSME development, technological courses for value-added good production and availability of machines, the use of solar-power at Kanni river water pumping station and a reserve pumping for emergency cases.

Regarding the reports, the Senior General said the presentationsincluded the need to extend Minbu road and universities. As for opening new universities, the pass rate of the district must be taken into account. The pass rate of Minbu District is decreasing. Plans to build polytechnic schools for students who passed the matriculation examination is in progress.

The number of students attending industrial and agricultural schools is low. The aim is already set to open advanced technological schools in all regions and states and some universities and colleges have fewer students. More Polytechnic universities will be opened and computer science and other available subjects will be taught.

Regarding road expansion, it has been stated that upgrades will be carried out in accordance with specified road features and standards. Due to the construction and sale of shops along both sides of the roads, there have been observed inconveniences for commuters. Therefore, the relevant ministry needs to take measures to regulate these shops.

Minbu town is a city with a rich historical tradition, known for its cultural heritage and notable figures. It is a matter of pride that the revered monk U Obhasa, a prominent poet from Minbu, composed eight of the ten great Jataka tales in prose for future generations to emulate. Similarly, it is well-known that U Ohn Maung, one of the nine martyrs who sacrificed their lives for Myanmar's independence, was also a native of Minbu.

At present, the Minbu region is progressing, and it is hoped that efforts will continue to maintain and advance this development. For regional progress, a strong economy and increased productivity are essential. It is desired that agricultural businesses in the region achieve higher yields per acre to enhance the production of goods.

It has been announced that elections will be held starting from December 28 this year. Candidates from Minbu District should proactively plan and implement practical and feasible initiatives for regional development. They should serve with genuine dedication to the region's welfare.

Administrative responsibilities are assigned at the regional, district, and township levels, with corresponding authority granted. Tasks must be carried out successfully in line with established policies. If there are initiatives that genuinely benefit the region, they can be proposed and implemented through the appropriate channels.

Regarding the economy, agriculture and livestock form the foundation of the country's economic activities. Approximately 70% of the population lives in rural areas, with over half engaged in farming and livestock rearing. Administrative officials at the district and township levels need to understand local conditions and find ways to enhance productivity.

While Minbu District has sufficient rice production, rice sufficiency in Sidoktaya Township is declining. Therefore, efforts should be made to cultivate high-yield, quality rice varieties. Similarly, rice mills need to operate efficiently. By-products such as broken rice and husks from rice mills can be used to produce animal feed. Oil crops like sesame and peanuts can be processed into valuable products like sesame oil and peanut oil. Additionally, by-products like sesame and peanut cakes can also be used for animal feed. Therefore, it is hoped that livestock businesses in the Magway Region will be further developed. By improving agricultural and livestock production, the regional economy will prosper. Achieving higher yields per acre and enhancing productivity will greatly benefit the region.

For regional development, knowledge and skills are essential. Therefore, it is necessary to ensure that all school-age children attend school and that grade progression is smooth. The government is working to improve education nationwide, as a highly educated population will lead to greater expertise.

Minbu District is among the regions cultivating cotton. If cotton-based industrial production can be established as a model, it will greatly benefit the region. Similarly, for onion production, efforts should be made to produce canned onions and other products for long-term storage and use. In livestock rearing, suitable animals such as poultry, pigs, cattle, goats, and sheep should be raised. As Minbu primarily focuses on agriculture and livestock, efforts should be made to further advance these sectors.

The Minbu region produces a significant amount of bamboo, which can be used to manufacture finished goods and paper. Therefore, it is suggested that bamboo be processed into pulp for sale. For oil crops, including sunflower cultivation, efforts should be made to increase production.

In education, it is a matter of pride that Maung Ju Thet Ko from Minbu Township has achieved triple distinction for three consecutive years in the university entrance exams, securing the whole Myanmar first place in the science combination with distinctions in six subjects. Similarly, Ma Han Nwe Moe Zin, who also achieved distinctions in six subjects, is a source of pride. It is hoped that this fine tradition will be maintained, and that continued success will be achieved.

Subsequently, the Chairman of the State Security and Peace Commission presented awards and cash prizes to Maung Ju Thet Ko, who secured first place nationwide in the science combination with six distinctions, and to Ma Han Nwe Moe Zin, who also achieved six distinctions.

After the ceremony, the Senior General warmly greeted the attendees. 100

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing discusses regional development tasks with departmental officials, town elders in Chauk, Yenangyaung



Senior General Min Aung Hlaing discusses regional development tasks with departmental officials, and town elders in Yenangyaung.

Nay Pyi Taw August 19

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Secretary Joint Executive Chief of the SSPC General Ye Win Oo and his wife, union ministers, senior military officers from the Office of the Commander-in-Chief and their wives, the chief minister of Magway Region, the commander of Central Command and officials, discussed regional development tasks with departmental officials and town elders in Chauk and Yenengyaun separately this afternoon.

First, the Senior General and his wife arrived at the site, where a sacred tooth relic pagoda will be built, in Ward-5 in Chauk and heard reports on measures being taken to build the sacred tooth relic pagoda in accordance with the instructions of the Senior General and the completion of soil preparations and tests submitted by the district administrator of Chauk.

After hearing the reports, the Senior General gave instructions on building the pagoda according to its standard designs systematically and other needs.

Then, the Senior General discussed regional development tasks with departmental officials and town elders in Chauk at the Chauk Township General Administration Department and those in Yenangyaung at the hall of the guest house of the Ministry of Energy in Yenangyaung separately.

At the meetings, district administrator of Chauk District reported to the Senior General on measure being taken to build the sacred tooth relic pagoda, implementation of instructions of the Senior General during his previous visits to Chauk, completion of tasks for the site to construct a highway truck and bus terminal in Chauk, implementation of agriculture and livestock breeding tasks, measures taken to boost production with the use of national economic development funds and tasks carried out for development of education and health sectors in the district. The Yenangyaung township administrator also reported to the Senior General on salient points of the township, land utilization, agriculture and livestock breeding tasks, measures taken for development of health and education sectors, regional development tasks, conservation of underground water and water supply in the township.

Town elders in Chauk reported to the Senior General on the needs to upgrade the people's hospital in the town, to increase the number of healthcare staff and to build a stadium and expressed thanks for building the sacred tooth relic pagoda to take shelter from heat in the summer in the town, which is located in the dry zone. They also reported to the Senior General on houses built in the oil field in the town. Town elders from Yenangyaung reported to the Senior General on the needs to build a convocation hall in Yenangyaung University, to take measures for the development of Yenangyaung Industrial Zone, to construct a jetty for trade and to carry out maintenance tasks for waterways.

After hearing the reports, the Senior General said he would take measures to allow residents to reside in the oil field in accordance with rules and regulations and crop yields would increase when sufficient water was supplied to crop fields by implementing river water pumping projects. The Senior General promised to carry out research for maintenance tasks along the Ayeyarwaddy River, which flows through Yenangyaung.

Then, the chief minister of Magway Region reported to the Senior General thriving crops in Chauk and Yenangyaung township due to sufficient rainfall this year, measures for supplying enough agricultural water by implementing river water pumping projects and tasks carried out to meet targeted per-acre yields of crops.

Afterward, union ministers reported to the Senior General on tasks carried out in respective sectors.

Following his tour, the Senior General stated that during his previous visit to Chauk Township, measures were arranged to reduce the effects of the heat. He clarified that the purpose of his current visit was for regional development, peace, and prosperity. He then reiterated that he has established three mottos: "Let us encourage production for prosperity of the Nation," "Let us ensure education sector for the development of the Nation," and "Let us protect our environment for the prosperity of the Nation."

He then addressed the final motto, " Let us protect our environment for the prosperity of the Nation," by calling for the mandatory participation of residents in the Chauk and Yenangyaung regions. He stated that each village has been designated to plant a 2-acre fuelwood plantation and that this effort needs to be continuously expanded. He also instructed that if one tree is planted per household annually across all townships, wards, and villages, it would greatly contribute to a lush environment, provide shade, and reduce the effects of heat. He also stated that by urging residents to ensure the trees are planted and thriving on a ward-by-ward and street-by-street basis before the rainy season ends.

To ensure a sufficient supply of irrigation water for agricultural work, it is necessary to carry out solar-powered river water pumping projects. He stated that by implementing these projects, the region will achieve rice sufficiency and be able to successfully cultivate other crops. He concluded by stressing the importance of working to ensure rice sufficiency in the region.

He stated that the regional economy will greatly improve by being able to sufficiently produce agricultural and farming products. By exporting these products to other regions, the area will generate income. He added that improving production will lead to the creation of export goods, which in turn will bring significant benefits to the nation.

Regarding the education sector, the Senior General stated that it is necessary to have knowledge and skills for daily life. He explained that these are acquired through class education, and while knowledge can be gained from studying, a formal education leads to a better understanding. Therefore, he called for cooperation to raise the education level and to prevent a decline in class transition rates. He specifically urged the residents of Chauk and Yenangyaung townships to cooperate to raise the education level, stating that only an abundance of educated people can contribute to peace and stability in the region.

The Senior General stated that, in line with the motto" National discipline begins at school," an individual's morality and discipline differ based on their school attendance. He highlighted that teachers are like second parents and expressed his desire for them to teach students until the end of their education for a good future. He explained that only educated individuals become youths with good morals and discipline, who can then strive for their own livelihoods. He concluded by calling on residents to work to maintain regional peace and stability with a sense of awareness.

The Senior General announced that the first batch of elections will be held on December 28 of this year in major district cities and nearby towns. He urged all to cooperate with integrity for the successful holding of the election, stating that a successful election is the most important thing in a democracy. He promised that after the election, the duties of the state will be handed over to the winning government. He also advised voters to choose only those who can truly work for the benefit of the nation and the region.

Following the ceremonies, the Senior General warmly greeted the attendees. 100

Tatmadaw fully recontrols Demoso in Kayah State, briefly controlled by KNPP and KNDF groups and terrorists by the name PDF; the Tatmadaw is now conducting necessary area security and clearing operations

The Tatmadaw has recaptured Demoso town, which was controlled by terrorists.

The Tatmadaw has recaptured Demoso town, which was controlled by terrorists.

Nay Pyi Taw August 19

On 19 August, the Tatmadaw fully recontroled Demoso in Kayah State, briefly controlled by KNPP and KNDF groups and terrorists by the name PDF. The Tatmadaw is now conducting necessary area security and clearing operations.

Beginning December 2021, KNPP and KNDF groups and PDF terrorists, with the intention of destroying government administrative machinery in Kayah State, disturb and deter the State's peace process, and for the people to crouch down in fear, were conducting destructive acts in and around Loikaw, Kayah State. In November 2023, they launched surprise attack against Tatmadaw columns with heavy weapon fire support and also the Loikaw University, a non-military target. They absconded teachers and then started the battle to seize Loikaw step by step. Hence, town security forces and local Tatmadaw columns in cooperation with residents fiercely defended the ton from falling into enemy hands. Terrorist insurgents were unable to capture the town and had to fled in disarray after suffering heavy casualties.

Since November 2023, KNPP, KNDF, and PDF terrorists who fled the area have infiltrated and occupied villages in Dimawhso Township, disguising themselves as villagers. They carried out destructive activities, including attacks on military camps and security force headquarters, burning homes, killing civilians, and looting property belonging to locals. They also fortified houses and religious buildings in Dimawhso town and blocked the Loikaw–Dimawhso–Bawlakhe communication route, which led to frequent clashes with security forces. As a result, many locals— including students, children, and the elderly—were forced to abandon their homes and property in search of safety, causing severe human rights violations and worsening socio-economic conditions.

In response, Tatmadaw columns launched operations in Dimawhso Township on August 4, 2025. Starting from the Taungoo intersection in Shwe York Ward in the north and Pador Du Village in the southeast, they systematically advanced to regain control of areas held by the terrorists. Despite facing difficult and risky battles, Tatmadaw forces successfully secured key locations, including schools, the Township General Administration Office, the Myanmar Fire Services Department building, the church, and the public hospital. Progress was made step by step: on August 7, Pador Du village and Shu Phe Khu Ward were recaptured; on August 12, the petrol station in Shwe York Ward; on August 14, the Township Police Station, the Fire Services Department, the Public Hospital, and the General Administration Office in Aung Mingalar Ward; on August 15, the entire Shwe York Ward, Township Hall in Sipin Tharyar Ward, and the church area in Myoma Ward. By August 19, Tatmadaw regained full control of Dimawhso.

Documentary photo of bunkers constructed by terrorists inside religiousbuildings in Demoso town.

During the 16-day operation, 23 major and minor clashes occurred. Six enemy bodies and five weapons were seized, while Tatmadaw forces also suffered casualties and injuries.

While temporarily controlling Demoso town, terrorists constructed bunkers using religious buildings, schools, government buildings, hospitals/clinics, and residential houses as cover, attacking military columns with gunfire. They planted mines in residential areas, public buildings, and communication routes used by the public, and used local residents as human shields for attacks. As a result, security forces had to operate in accordance with the established Rules of Engagement (ROE).

Furthermore, military columns have been clearing the communication route connecting Loikaw and Demoso towns, with plans to reopen the Loikaw-Demoso highway soon. Efforts are underway, in collaboration with local residents, to urgently repair schools, hospitals/clinics, government offices, religious buildings, and residential houses damaged by the terrorists. Mine clearance operations and enhanced regional security measures are also being actively implemented.

In southern Shan State and Kayah State, the military conducted Operation "Yar Naing Min" to counter terrorist activities in controlled or blocked towns, villages, and communication routes. On May 15, 2024, Hsihseng town was recaptured, and the Hopong-Hsihseng-Loikaw route was reopened on May 29, 2024. On July 6, 2025, Moebye town was recaptured, and the Pinlaung-Saungpyaung-Phekhon-Moebye-Loikaw route was reopened on July 11, 2025. The entire eastern region of Phekhon Lake was recaptured and reopened on July 31, 2025. Today, military columns have fully recaptured Demoso town, which was temporarily controlled by terrorists. 100

Documentary photo of bunkers and bomb shelters constructed by terrorists inside residential buildings.

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယနေ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဗျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက်စသည့် သစ်မျိုး ခြောက်မျိုး ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ . . .

ရေ့ဖုံးမှအဆက်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များ စိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပွဲတော်များကို တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ယနေ့တွင် သစ်မျိုး ခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပါဝင်ပြီး ယခုဒေသတွင် အထူးသဖြင့် မိုးရွာသည့်ပုံစံများ မှန်ကန်မှုမရှိခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်အတက်အကျများ လွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်နှစ်က မင်းဘူးမြို့သည် ကမ္ဘာ့အပူဆုံး မင်းဘူးဒေသသည် အပူပိုင်းဒေသများတွင် မြို့ ၁၅ မြို့စာရင်းတွင် ထို့ကြောင့် ယခုဒေသတွင် ရာသီဥတုပူပြင်းသည့်ဒဏ်များ မခံစားရစေရန် သစ်ပင်များ စိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်များကြောင့် ရာသီဥတုပူပြင်းသည့်ဒဏ်များ နည်းပါးလာပြီး ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုသို့မဖြစ်ပေါ်စေရန်အတွက် သစ်ပင်များစိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို ဆောင်ရွက်သွားကြရ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တွေ့ဆုံ၊ ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်

ထားဝယ် ဩဂုတ် ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် တွေ့ဆုံသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများအား သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရိုးရာပွဲတော်အခမ်းအနားများ ကျင်းပဆောင်ရွက်မှုအခြေအနေများနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် တိုင်းရင်းသားဘာသာသင် TA / LT ဆရာ၊ ဆရာမများအား ထောက်ပံ့ပေးနိုင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံးသည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အေးချမ်းသာယာပြီး တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ ပညာရေးကိစ္စရပ်များ၊ စာပေနှင့်ယဉ်ကျေးမှုများကို မြှင့်တင်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနည်းစနစ်များဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သော ပြည်သူ့ရေးရာအုပ်ချုပ်မှုစနစ်များကို ဖော်ဆောင်ပေးရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထားဝယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသား၊ တိုင်းရင်းသူများက ထားဝယ်ရိုးရာရေအိုးရွက်အကနှင့် ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို ဆုချီးမြှင့်ခဲ့ကြကြောင်းသတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တမာပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံလ၊ ဝိရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက် အကာအကွယ်ပေးနိုင်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဒေသတွင် သစ်ပင်များစိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း၊ **"သစ်တစ်ပင်ကောင်းပါက ၄က်တစ်သောင်းနားခိုနိုင်သည်"ဟု ပြောကြားကြ**ကြောင်း၊ ကျေးငှက်သာတကာများ လာရောက်နားခိုကြပြီး ၎င်းတို့သယ်ဆောင်လာသည့် သစ်စေ့များမှ သစ်ပင်များ ထပ်မံပေါက်ရောက်၍ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေကြောင်း။

ယခုဒေသတွင် လျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးခြင်းကြောင့် ချက်ပြုတ်ခြင်းများအတွက်လိုအပ်သည့် ထင်းများကို ခုတ်ယူသုံးစွဲကြကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ရွာတစ်ရွာတွင် ထင်းစိုက်ခင်း နှစ်ဧကစီစိုက်ပျိုးရန်အတွက် တိုက်တွန်းပြောကြားထားကြောင်း၊ မင်းဘူးခရိုင်အတွင်း ငါးမြို့နယ်၌ ကျေးရွာပေါင်း ၉၆၃ ရွာရှိကြောင်း၊ တစ်ရွာကို နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးသွားမည်ဆိုပါက ဧက ၂၀၀၀ နီးပါး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင်တစ်ခါ ထပ်မံစိုက်ပျိုးသွားမည်ဆိုပါက သစ်တောသစ်ပင်များများစွာ ပေါက်ရောက်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ယခုကဲ့သို့စိုက်ပျိုးဆောင်ရွက်ခဲ့မည်ဆိုပါက ယခုဒေသတွင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၅ ခုနှစ်က သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၄၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိတော့သည့်အတွက် ခုနစ်ရာခိုင်နှုန်းခန့် လျော့နည်းသွားသည်ကိုတွေ့ရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုကို ၅၀ ရာခိုင်နှုန်းခန့် တိုးတက်စေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့်ကာလအတွင်း ပျိုးပင်ပေါင်း ၁၆ ဒသမ ၂၇ သန်း စိုက်ပျိုးခဲ့သည်ကို အစီရင်ခံစာအရသိရှိရကြောင်း၊ ယခုအခါတွင်လည်း အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅-၂၀၂၆ မှ ၂၀၂၉-၂၀၃၀ အထိ ငါးနှစ်စီမံကိန်းတွင် ပျိုးပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်ထားရှိကြောင်း၊ ထို့ကြောင့် အဆိုပါစိုက်ပျိုးသည့်အပင်များ အောင်မြင်အောင် စိုက်ပျိုး ဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုများကိုလည်း လျော့ပါးလာစေမည်ဖြစ်ကြောင်း။

လမ်းဘေးဝဲယာ၌ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဧရိယာ၌ အရိပ်ရလေကာပင်များအား စိုက်ပျိုးသွားရန်နှင့် ငါးဧက၊ ၁၀ ဧက စသည့်သစ်တောငယ်များတည်ထောင်နိုင်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမင်းဘူးဒေသမှ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ စိမ်းလန်းစိုပြည်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း ရှင်သန်ဖြစ်ထွန်းစေရေး စတင်စိုက်ပျိုးစဉ်ကပင် စနစ်တကျစိုက်ပျိုးရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းကြသူများအနေဖြင့်လည်း သစ်ပင်များ အမြစ်တွယ်ရှင်သန်စေရန်အတွက် စနစ်တကျ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုစိုက်ပျိုးခဲ့သည့်အကျိုးကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းများ ပေးအပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းသည် မိမိတို့ဒေသအတွက် ကောင်းမွန်သည့် မင်္ဂလာရှိသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် တက်ရောက်စိုက်ပျိုးကြသူများ အားလုံးကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဧနီးတို့က တမာပျိုးပင်ကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးခရိုင်အတွင်းရှိ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်ပြုလုပ်သည့် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက်စသည့် သစ်မျိုးခြောက်မျိုး ပျိုးပင်ပေါင်း ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ ကျင်းပသည့် နှစ် ၈၀ ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် သြဂုတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Gen.Luong Tam Quang ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ သြဂုတ် ၁၇ ရက်တွင်ကျင်းပသည့် နှစ် ၈၀ ပြည့်ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Vietnam People's Public Security)အခမ်းအနားသို့ တက်ရောက်ရန် သြဂုတ် ၁၅ ရက်မှ ၁၈ ရက်ထိ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဟိုချီမင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. To Lam နှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen.Luong Tam Quang နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် ဒေသတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Gen. Luong Tam Quang က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သြဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော နှစ် ၈၀ ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ (The 80th Anniversary of the Traditional Day of the Vietnam People's Public Security) အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဗီယက်နမ်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

သြဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲ အကယ်ဒမီသို့ သွားရောက်လေ့လာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ နှစ် ၈၀ ပြည့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြားပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရင် မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့် မောင်ဂျူးသက်ကိုအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရင် မဟာန်ဇယ်မိုးဇင်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ ကျောဖိုးမှအဆက်

အဓိကသီးနှံများကို ပန်းတိုင်အထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြို့နယ်အလိုက် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဇကပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌအနေဖြင့် မင်းဘူးမြို့တွင် သောက်သုံးရေများ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမှု၊ ဘိုးဘွားရိပ်သာကို ပြုပြင်ဆောင်ရွက်ပေးမှုနှင့် မင်းဘူးမြို့ကျက်သရေဆောင်သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်လျှက်ဒါန်းပေးခဲ့မှု၊ လမ်းများပြုပြင်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြို့သူမြို့သားများ ကိုယ်စား ကျေးဇူးတင်ရှိမှု၊ မင်းဘူးမြို့၌ ကောလိပ်တစ်ခု တည်ဆောက်ပေးစေလိုမှု၊ မြစ်ရေတင်လုပ်ငန်းအတွက် အရန်စက်တစ်လုံး ထားရှိပေးစေလိုမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများရရှိသဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဂင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်းတို့က မင်းဘူးဒေသနှင့်ကိုက်ညီသည့် စပါးမျိုးကို စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဝန်ကြီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးမည့်အခြေအနေများ၊ ဒေသနှင့်ကိုက်ညီပြီး စျေးကွက်ရှိကာ အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးအစိုးရနှင့် စိုက်ပျိုးရေးတောင်သူများက ဆောင်ရွက်သွားရန်လိုအပ်မှု၊ မင်းဘူးဒေသအတွင်း ပန်းတိုင်အထွက်နှုန်းကောင်းမွန်လျက်ရှိပြီး ဆက်လက်၍ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုမှု၊ မင်းဘူးဒေသတွင် စပျစ်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် စျေးကွက်လိုအပ်ချက်များအပေါ်မူတည်၍ ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရန်လိုအပ်မှု၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်သွားစေလိုမှု၊ ဒေသအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးနိုင်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ သဲကန္တာရ မဖြစ်ပေါ်စေရေး၊ စိမ်းလန်းစိုပြည်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်မှု၊ မင်းဘူးခရိုင်အတွင်း ဝါးကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုနှင့် စက်ပစ္စည်းများ ရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကမ်းနီမြစ်ရေတင်စီမံကိန်းကို နေရောင်ခြည်စွမ်းအင်ဖြင့် ဆောင်ရွက်လျက်ရှိမှုနှင့် အရန်ရေတင်စက် အသင့်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင် မင်းဘူးကားလမ်းတိုးချဲ့ပေးရေး၊ တက္ကသိုလ်ကောလိပ်များ တိုးချဲ့တည်ဆောက်ပေးရေးကို တင်ပြခဲ့ကြကြောင်း၊ တက္ကသိုလ်ကောလိပ်များကို ဖွင့်လှစ်ရန်အတွက် ခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများကို တွက်ချက်ကြည့်ရန်လိုကြောင်း၊ မင်းဘူးဒေသတွင် တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးစီးသည့်သူများအတွက် Polytechnic ကျောင်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများတွင် တက်ရောက်ကြသူများ နည်းပါးသည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ အဆင့်မြင့်ပညာကျောင်းများ ဖွင့်လှစ်ရန် ရည်ရွယ်ချက်ရှိပြီးဖြစ်ကြောင်း၊ အချို့ တက္ကသိုလ်နှင့် ကောလိပ်များ၌ ကျောင်းတက်ရောက်သူများ နည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ Polytechnic တက္ကသိုလ်များကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကွန်ပျူတာ၊ နည်းပညာနှင့် အခြားသင်ကြား၍ရသည့် ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

လမ်းများ တိုးချဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များ အတိုင်းဖြစ်စေရေး သတ်မှတ်ချက်များနှင့် အညီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာ၌ အိမ်ဆိုင်များဆောက်လုပ်ရောင်းချလျက်ရှိမှုကြောင့် သွားလာမှုအတွက် အနှောင့်အယှက်များဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ထားသည့် အိမ်ဆိုင်များနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မင်းဘူးမြို့သည် သမိုင်းအစဉ်အလာများရှိခဲ့သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်ရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များ ပိုမိုတိုးတက်ရရှိရေး တစ်ဇကပန်းတိုင်အထွက်နှုန်းအတိုင်းရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်မှ ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် ဒေသတိုးတက်ရေးအတွက် လက်တွေ့ကျသည့်၊ ဖြစ်နိုင်သည့်ကိစ္စရပ်များကို ကြိုတင်တွေးခေါ်မြော်မြင်ဆောင်ရွက်သွားရန်လို၊ ဒေသအကျိုးအတွက် အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်သည့်သူ ဖြစ်ရန်လိုကြောင်း။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များ အလိုက် အဆင့်ဆင့်အုပ်ချုပ်ကြရပြီး သက်ဆိုင်ရာအဆင့်အလိုက် လုပ်ပိုင်ခွင့် ပေးထားပြီးဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့်မူဝါဒများအတိုင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဒေသအတွက် အမှန်တကယ်အကျိုးရှိမည်ဆိုပါက အဆင့်ဆင့်တင်ပြ၍ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ထက်ဝက်ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ ဒေသ၏အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်ပေးကြရန်လိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်၊ မင်းဘူးခရိုင်မှ ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် ဒေသတိုးတက်ရေးအတွက် လက်တွေ့ကျသည့်၊ ဖြစ်နိုင်သည့်ကိစ္စရပ်များကို ကြိုတင်တွေးခေါ်မြော်မြင်ဆောင်ရွက်သွားရန်လို၊ ဒေသအကျိုးအတွက် အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်သည့်သူဖြစ်ရန်လို...

မင်းဘူးခရိုင်အနေဖြင့် ဆန်ဖူလုံမှုရှိသော်လည်း စေတုတ္တရာမြို့နယ်တွင် ဆန်ဖူလုံမှုလျော့နည်းလျက် **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

ရှိကြောင်း၊ ယခုထက်ပိုမိုကောင်းမွန်ပြီး အထွက်နှုန်း ပိုမိုကောင်းမွန်သည့် စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ဆန်စက်လုပ်ငန်းများ ကောင်းမွန်နေရန် လည်းလိုကြောင်း၊ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများပြုလုပ်၍ရကြောင်း၊ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်သဖြင့် တန်ဖိုးရှိသည့် ထုတ်ကုန်များအတွက် ထုတ်လုပ်သွားရန်လိုကြောင်း၊ ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များ ဖြင့်လည်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တစ်ဇကပန်းတိုင်အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များပေါများမှသာ အတတ်ပညာများ ပိုမိုတတ်ကျွမ်းလာမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မင်းဘူး ခရိုင်သည် ဝါစိုက်ပျိုးသည့် ခရိုင်များတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို စံပြအဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ကြက်သွန်စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ကြက်သွန်များကို ရေရှည်သိုလှောင်အသုံးပြုနိုင်သည့် စည်သွတ်ဘူးများနှင့် အခြားထုတ်ကုန်များကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သိုးများကို မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မင်းဘူးဒေသသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိအနေဖြင့် လုပ်ငန်းများပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး ပြောကြားခြင်းဖြစ်ကြောင်း။

မင်းဘူးဒေသတွင် ဝါးများ များစွာထွက်ရှိကြောင်း၊ ဝါးဖြင့်ပြုလုပ်သည့် ကုန်ချောပစ္စည်းများနှင့် စက္ကူများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသတွင် ဝါးကို ပျော့ဖတ်အဖြစ်ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် နေကြာစိုက်ပျိုး ထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ယခုအခါတွင် လည်း မင်းဘူးမြို့နယ်မှ တက္ကသိုလ်ဝင်တန်း၌ ဝင်ရောက်ဖြေဆိုသူ မောင်ဂျူးသက်ကို သည် သုံးနှစ်ဆက်တိုက် လူရည်ချွန် သုံးထပ်ကွမ်းဖြစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First) ရရှိခဲ့သည့်အတွက်လည်း မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း၊ အလားတူ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးဖြစ်သည့် မဟန်နွယ်မိုးဇင်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာကိုလည်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ အောင်မြင်မှုအသီးအပွင့်များကို လည်း ဆက်လက်ခံစားကြရပါစေကြောင်းဖြင့် ဆုမွန်တောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် မြန်မာတစ်နိုင်ငံလုံးပထမ (The Whole Myanmar First)ရရှိခဲ့သည့် မောင်ဂျူးသက်ကို နှင့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးဖြစ်သည့် မဟန်နွယ်မိုးဇင်တို့ကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

"ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "**လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့တော်လှန်ရေး**" ခေါင်းစဉ်ဖြင့် ၂၀-၈-၂၀၂၅ ရက် (**ယနေ့**) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**ဘူးသီးတောင်မြို့နယ်အတွင်း ၄က်သေကျေးရွာအုပ်စု ထန်းရောက်ခံကျေးရွာမှ ဒေသခံဘဂ်ါလီရွာသား ဦးရေ ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့မှု**" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် သြဂုတ် ၁၉

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရ်မြောက်ပိုင်း-သြရိသပြည်နယ်တောင်ပိုင်း)ကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်(Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး သြရိသပြည်နယ်တောင်ပိုင်းကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး သြရိသပြည်နယ်တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **(မိုး/၈လ)**

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့နှင့်ရေနံချောင်းမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် သြဂုတ် ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧနီး ဒေါ်ကြူကြူလှနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဧနီးပြည်ထောင်စုဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ချောက်မြို့နှင့်ရေနံချောင်းမြို့ မြို့မိမြို့ဖများအား ချောက်မြို့နယ် ၌ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက စွယ်တော်မြတ်စေတီတော်ကြီးအား စေတီတည်ဆောက်ရာတွင် သတ်မှတ်ထားသည့်အချိုးအစားများအတိုင်း စနစ်တကျတည်ဆောက်သွားကြရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ချောက်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ချောက်မြို့နယ် ကားကြီးကွင်းမြေနေရာနှင့် ခရီးသွားကားကြီးကွင်းမြေနေရာတို့ကို စနစ်တကျ ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ မြေအသုံးချမှု၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြို့သူမြို့သားများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ ရေနံမြေဧရိယာအတွင်း ဆောက်လုပ်ထားသည့် နေအိမ်များနှင့် ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ရပ်မိရပ်ဖများက ရေနံချောင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမလိုအပ်လျက်ရှိမှု၊ ရေနံချောင်းစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆိပ်ခံတစ်ခုတည်ဆောက်ပေးစေလိုမှုနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးကောင်းစွာရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးမှုကို ပိုမိုဖြစ်ထွန်းစေမှု၊မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချောက်မြို့ အမှတ်(၅)ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဧနီးတို့သည် ချောက်မြို့ အမှတ်(၅) ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်မည့် မြေနေရာသို့ ရောက်ရှိကြရာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊မြေပြုပြင်ခြင်းနှင့် မြေသားစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်အထွေထွေအုပ်ချုပ်ရေးရုံး၌လည်းကောင်း၊ ရေနံချောင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်မြို့မိမြို့ဖများအား ရေနံချောင်းမြို့စွမ်းအင်ရိပ်သာရှိ ခန်းမ၌လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား တွေ့ဆုံဆွေးနွေးပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ချောက်ခရိုင်အုပ်ချုပ်ရေးမှူးက ချောက်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စွယ်တော်မြတ်စေတီတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ချောက်မြို့သို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ချောက်မြို့ရှိ ဆောင်ရွက်လျက်ရှိမှု၊ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြေအောက်ရေထိန်းသိမ်းရေးနှင့်မြို့ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ချောက်မြို့ရှိ မြို့မိမြို့ဖများက ချောက်မြို့ရှိ ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့်ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးစေလိုမှု၊ မိုးလုံလေလုံအားကစားခန်းမလိုအပ်လျက်ရှိမှု၊ ပူပြင်းခြောက်သွေ့သည့် ချောက်မြို့တွင် ပူပြင်းသည့်ကာလ၌ အပူရှောင်နိုင်သည့် စွယ်တော်မြတ်စေတီတည်ထားကိုးကွယ်ရန်စီစဉ် ဆောင်ရွက်ပေးမှုအပေါ် ချောက်တင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေနံမြေဧရိယာအတွင်းရှိ နေအိမ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရရှိရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယာမြေများအား မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ရေနံချောင်းဒေသအတွင်းဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းအား ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် သုတေသနပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ကျေးဇူးတင်ကြောင်း၊ ရှင်းလင်းတင်ပြမှုများ၊ ဆွေးနွေးပြောကြားချက်များ ကို ကြားနာ၍ ရှင်းလင်းတင်ပြကြသည်။

ဗဟိုအစိုးရ ဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးဌာန (ရေနေ့) (ရေ) (ရေ) (((

ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်သူများကလည်း မဖြစ်မနေပါဝင်ဆောင်ရွက်ကြရန်လို၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ် . . .

စာမျက်နှာ ၂၀ မှအဆက်

နောက်ဆုံးအချက်ဖြစ်သည့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့် ဆောင်ပုဒ်အတိုင်း **ချောက်ဒေသနှင့် ရေနံချောင်းဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်သူများကလည်း မဖြစ်မနေပါဝင်ဆောင်ရွက်ကြရန်လို**ကြောင်း၊ကျေးရွာများ၌တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးရန်သတ်မှတ်ထားပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ **မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းဖြင့် နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်များထူထပ်များပြားလာပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထိုသို့သစ်ပင်များစိုက်ပျိုးမှုကြောင့် အရိပ်အာဝါသများ ရရှိနိုင်မည်ဖြစ်ပြီး အပူဒဏ်ကိုထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီမကုန်ဆုံးမီကာလအတွင်း ရပ်ကွက်အလိုက်၊လမ်းအလိုက် သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြစေလိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့်ဒေသအတွင်း ဆန်ဖူလုံမှုများ ရှိလာမည်ဖြစ်ပြီး အခြားယာမြေများတွင် စိုက်ပျိုးသည့် သီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း ဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသစီးပွားရေးကိုများစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှထွက်ရှိသည့် ကုန်ပစ္စည်းများကို အခြားဒေသသို့တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွက် ဝင်ငွေများရရှိစေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နေ့စဉ်လူမှုဘဝအတွက် အသိပညာ၊ အတတ်ပညာများရှိရန်လိုကြောင်း၊ အတန်းပညာများတတ်မြောက်မှသာ အသိပညာ၊ အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ လေ့လာမှုမှ အသိပညာအတတ်ပညာကို ရရှိနိုင်သော်လည်း အတန်းပညာကို တတ်မြောက်ထားမည်ဆိုပါက ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသကဲ့သို့ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ချောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်အတွင်း ပညာရည်မြင့်မားရေးဒေသခံများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာတတ်များ ပေါများမှသာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ကျောင်းများ၌ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့်အတိုင်း ကျောင်းတက်ရောက်မှုအပေါ်မူတည်၍ တစ်ဦးချင်း၏ စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုများမှာ ကွာခြားသွားကြကြောင်း၊ ဆရာ၊ ဆရာမများသည် ဒုတိယမိဘများဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့သားသမီးများ၏ အနာဂတ်များကောင်းမွန်စေရေး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားပေးကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူငယ်များအဖြစ် ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ဘဝရပ်တည်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်း နေထိုင်ကြသူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွှေကောက်ပွဲပထမအသုတ်ကို ခရိုင်မြို့ကြီးများနှင့်နီးစပ်သည့်မြို့များတွင် စတင်ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရွှေကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မှန်မှန်ကန်ကန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒီမိုကရေစီတွင် အရေးကြီးဆုံးမှာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် အနိုင်ရရှိသည့်အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံ၏အကျိုး၊ဒေသ၏အကျိုးအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်သူများကိုသာ ရွေးချယ်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားများအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိစဉ်။

နေပြည်တော် သြဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၂၄၄ ဦးထပ်မံ၍ ကျောင်းအပ်နှံသဖြင့်စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၉၂၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ သြဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုင်းအမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုင်းအမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံးအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

၂၀၂၅ ခုနှစ် သြဂုတ် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက် ထိန်းချုပ်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် သြဂုတ် ၁၉

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ကယားပြည်နယ် ဒီးမော့ဆိုမြို့အား တပ်မတော်က ယနေ့ သြဂုတ် ၁၉ ရက်တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ နိုင်ငံတော်နှင့် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောင့်ယှက်ဟန့်တားရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ ကယားပြည်နယ်အတွင်းရှိ လွှိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်း စစ်ရေးပစ်မှတ်မဟုတ်သည့် လွှိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော်စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ၊ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီး တစ်ဆင့် လွှိုင်ကော်မြို့သိမ်းတိုက်ပွဲကို စတင်ဆောင်ရွက်ခဲ့သဖြင့် မြို့လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်စစ်ကြောင်းများက လွှိုင်ကော်မြို့ အကြမ်းဖက်သောင်းကျန်းသူများလက်အောက် မကျရောက်စေရေး ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ အပြင်းအထန်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် လွှိုင်ကော်မြို့ကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ၊ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူ၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် တပ်မတော် တပ်စခန်းများ၊ လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး ဒီးမော့ဆိုမြို့အတွင်းရှိ နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများတွင် အခိုင်အမာခံစစ်ပြုလုပ်ကာ လွှိုင်ကော်– ဒီးမော့ဆို– ဘောလခဲ ဆက်သွယ်ရေးလမ်းကြောင်းအား ဖြတ်တောက်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ကင်းရာ မြို့ရွာများသို့ ယာယီနေရပ်စွန့်ခွာ သွားရောက်နေထိုင်ခဲ့ကြရသဖြင့် လူ့အခွင့်အရေးများ၊ လူမှုစီးပွားဘဝများ များစွာနိမ့်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေး၊ အစိုးရ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေးအတွက် အဆိုပါအကြမ်းဖက်သမားများထိန်းချုပ်ထားသည့် ဒီးမော့ဆိုဒေသ တစ်ဝိုက်နှင့် ဒီးမော့ဆိုမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက ၂၀၂၅ ခုနှစ် သြဂုတ် ၄ ရက်

အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့ မြို့နယ်ပြည်သူ့ဆေးရုံအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံအား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

မှစ၍ ဒီးမော့ဆိုမြို့၏ မြောက်ဘက်ခြမ်း ရွှေယောက်ရပ်ကွက်အတွင်းရှိ တောင်ဂူလမ်းဆုံနှင့် အရှေ့တောင်ဘက် ပါဒေါဒူ ကျေးရွာတို့မှစ၍ လက်နက်ကြီးပစ်ကူများဖြင့် စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် အကြမ်းဖက်သမားများ ခံစစ်ပြုလုပ်ထားသည့် မြို့တွင်းရှိ မြေပေါ် မြေအောက်ဘန်ကာများ၊ အထပ်မြင့် အဆောက်အအုံများအပါအဝင် စာသင်ကျောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေရာ၊ ချက်ကျောင်းနှင့် ဆေးရုံနေရာတို့အား ခက်ခက်ခဲခဲဖြင့် စွန့်လွှတ်စွန့်စားစွာ အချိန်ယူ ရှင်းလင်းတိုက်ခိုက်ခဲ့ရာ သြဂုတ် ၇ ရက်တွင် ဒီးမော့ဆိုမြို့၏ အရှေ့တောင်ဘက်ရှိ ပါဒေါဒူကျေးရွာနှင့် ရှားဖယ်ခူ ရပ်ကွက်ကိုလည်းကောင်း၊ သြဂုတ် ၁၂ ရက်တွင်

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

ရွှေယောက်ရပ်ကွက်အတွင်းရှိ ဆီဆိုင်နေရာကိုလည်းကောင်း၊ သြဂုတ် ၁၄ ရက်တွင် အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ မြို့နယ်ရဲစခန်း၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို လည်းကောင်း၊ သြဂုတ် ၁၅ ရက်တွင် ရွှေယောက်ရပ်ကွက်တစ်ခုလုံးနှင့် စည်ပင်သာယာရပ်ကွက်ရှိ မြို့နယ်ခန်းမ၊ မြို့မရပ်ကွက်အတွင်းရှိ ချက်ကျောင်းနေရာများကို လည်းကောင်း၊ ယနေ့တွင် ဒီးမော့ဆိုမြို့ တစ်ခုလုံးကို လည်းကောင်း တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ စစ်ဆင်ရေးကာလ ၁၆ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲ ကြီး၊ ငယ် ၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှ အလောင်းခြောက်လောင်းနှင့် လက်နက်မျိုးစုံ ငါးလက် သိမ်းဆည်းရမိခဲ့ပြီး မိမိတို့ဘက်မှ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် ဒီးမော့ဆိုမြို့ကို ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေ အိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို

အကြမ်းဖက်သောင်းကျန်းသူများက ဒီးမော့ဆိုမြို့ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက လွှင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းကြောင်းအား အပြီးတိုင် ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွှင်ကော်၊ ဒီးမော့ဆိုဆက်သွယ်ရေးလမ်းကြီးကို မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံး၊ ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအပါအဝင် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်၊ ပိတ်ဆို့ထားသည့် မြို့ရွာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က "ရန်နိုင်မင်း" စစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် မေ ၁၅ ရက်တွင် ဆီဆိုင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဟိုပုံး- ဆီဆိုင်- လွှင်ကော်လမ်းကြောင်းကို မေ ၂၉ ရက်တွင်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက်တွင် မိုးဖြဲမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ပင်လောင်း- ဆောင်းပြောင်း- ဖယ်ခုံ- မိုးဖြဲ- လွှင်ကော်လမ်းကြောင်းကို ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ ဖယ်ခုံ အင်းအရှေ့ဘက်ခြမ်း ဒေသတစ်ခုလုံးကို ဇူလိုင် ၃၁ ရက်တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်၊ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးအပိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် သြဂုတ် ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၃ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ သြဂုတ် ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၁၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ပါကစ္စတန်လေတပ်က တရုတ်နိုင်ငံထုတ် HQ-9BE လက်နက်စနစ်ကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနေ

တရုတ်နိုင်ငံထုတ် HQ-9BE လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ကို ပါကစ္စတန်လေတပ်တွင် တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုနေပြီဖြစ်ရာ ပါကစ္စတန်နိုင်ငံ၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေး ကဏ္ဍတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ဖြစ်ကြောင်း Army Recognition သတင်းဌာနက သြဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံက ထိုသို့ တပ်ဖြန့် အသုံးပြုနိုင်ခဲ့မှုကို တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း ဤသည်မှာ ပြိုင်ဆိုင်မှုပြင်းထန်လာသော ဒေသတွင်းပတ်ဝန်းကျင်ရှိ လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် ရည်ရွယ်သည့် အရေးပါသောစွမ်းရည် အဆင့်မြှင့်တင်မှုတစ်ရပ်ဖြစ်သည်။

HQ-9BE လက်နက်စနစ်သည် China Precision Machinery Import-Export Corporation မှ ထုတ်လုပ်သော မူရင်း HQ-9 လက်နက်စနစ်၏ အဆင့်မြင့်ပြည်ပ ပို့ကုန်ဗားရှင်းဖြစ်သည်။ မူလ HQ-9 သည် ရုရှားဖက်ဒရယ်၏ S-300 နှင့် အမေရိကန်၏ Patriot ဒုံးကျည်နည်းပညာများမှ ပုံစံတူ ဒီဇိုင်းထုတ်လုပ်ထားသော်လည်း HQ-9BE ဗားရှင်းတွင်မူ အဆင့်မြှင့်တင်မှုများ ပါဝင်လာသည်။ အကွာအဝေး ကီလိုမီတာ ၂၆၀ ထိ တိုးမြှင့်ထားခြင်း၊ အီလက်ထရွန်နစ် တန်ပြန်နှောင့်ယှက်မှုများဒဏ်မှ ခံနိုင်ရည်ရှိခြင်း၊ မတူညီသောအမြင့်အမျိုးမျိုးမှ တိုက်ခိုက်လာသော လေကြောင်းခြိမ်းခြောက်မှုများကို တိကျစွာရှာဖွေ ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၍ တိကျစွာတိုက်ပွဲဝင်နိုင်ခြင်းတို့ဖြစ်သည်။ ထို့ပြင် ၎င်းတွင် အဆင့်မြှင့်တင်ထားသော ပစ်မှတ်ရှာဖွေထောက်လှမ်းရေး အာရုံခံစနစ်တစ်ခုပါဝင်လာပြီး Active Radar Homing Guidance စနစ်နှင့် ပေါင်းစပ်ထားဖွယ်ရှိသောကြောင့် Jamming ပြုလုပ်ခံထားရသည့် ပတ်ဝန်းကျင်အခြေအနေမျိုးတွင်ပင် တိကျစွာနှင့် ခံနိုင်ရည်မြင့်မားစွာတိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။

စစ်ဆင်ရေးပိုင်းတွင် HQ-9BE လက်နက်စနစ်သည် ပါကစ္စတန်နိုင်ငံ၏ အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေး ဖွဲ့စည်းပုံတွင် တာဝေးပစ်၊ မဟာဗျူဟာမြောက်အလွှာအဖြစ် ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ၎င်းသည် လက်ရှိတရုတ်နိုင်ငံမှဝယ်ယူထားသော တာလတ်နှင့် တာတိုပစ် HQ-16FE နှင့် LY-80 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်သည်။ HQ-9BE ကို ကွန်ရက်အတွင်းသို့ ပေါင်းစည်းနိုင်ခဲ့ခြင်းကြောင့် ပါကစ္စတန်သည် နယ်နိမိတ်ကျော်လွန်၍ပင် ရန်သူ၏ အရေးကြီးပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ခြင်းများ၊ ပြုလုပ်နိုင်စွမ်းများ ပိုင်ဆိုင်ထားနိုင်ပြီဖြစ်သည်။ ၎င်းပစ်မှတ်များတွင် လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး လေယာဉ်များ၊ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များ၊ ထောက်လှမ်းရေးဒရုန်းများနှင့် တာဝေးမှ တိုက်ခိုက်လာနိုင်သည့် တိုက်လေယာဉ်များပါဝင်သည်။

HQ-9BE လက်နက်စနစ်ကိုတိုက်ပွဲဝင်အသင့်ဖြန့်ကြက်လာနိုင်ခြင်းသည် အစ္စလာမာဘတ်နှင့် ရာဝါပင်ဒီအနီးရှိ မြောက်ပိုင်းဒေသများအပါအဝင် အဓိကစစ်ရေးနှင့် နိုင်ငံရေးဗဟိုဌာနများ၏ ကာကွယ်ရေး အနေအထားကို ခိုင်မာစေခြင်းဖြစ်သည်။ ထို့ပြင် ၎င်းသည် ကြိုတင်ထိုးဖောက်တိုက်ခိုက်မှုများ သို့မဟုတ် နယ်မြေများအတွင်း နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်လာနိုင်သည့်စစ်ဆင်ရေးများကို ဟန့်တားနိုင်သော ပိုမိုကြီးမားသည့်ခြိမ်းခြောက်မှု နယ်နိမိတ်ကို ဖန်တီးပေးခြင်းဖြင့် ပါကစ္စတန်လေကြောင်းစွမ်းအားများ၏ ရှင်သန်ရပ်တည်နိုင်စွမ်းကိုလည်းတိုးမြှင့်ပေးနိုင်လိမ့်မည်ဖြစ်သည်။

HQ-9BE လက်နက်စနစ်ကို စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြင့် ပါကစ္စတန်သည် ၎င်း၏အနီးဝန်းကျင်ရှိ မည်သည့်ရန်သူကို မဆို မဟာဗျူဟာမြောက်ဟန့်တားမှုကို ထိန်းသိမ်းထားရန်နှင့် လေကြောင်းအသာစီးရမှုကို ငြင်းပယ်တွန်းလှန်ရည် ရည်ရွယ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ ဤအဆင့်မြှင့်လက်နက်စနစ်ကို အသုံးပြုနိုင်ခဲ့ခြင်းဖြင့် အမျိုးသားကာကွယ်ရေးကို ခိုင်မာစေရုံသာမက တောင်အာရှတိုက်တွင် အစဉ်အလာအရ အင်အားကြီးမားသော အိန္ဒိယ၏လေကြောင်းစိုးမိုးသာလွန်မှုကို စိန်ခေါ်ခြင်းဖြင့် ဒေသတွင်းအင်အားချိန်ခွင်လျှာကို ပြောင်းလဲသွားစေနိုင်ကြောင်း သိရသည်။

Breaking News: China HQ-9BE Air Defense System Now in Pakistani Service Posing New Threats to India. ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်ရေတပ်ကArleigh Burke-class ဖျက်သင်္ဘောပေါ်တွင် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ တပ်ဖြန့်အသုံးပြုခဲ့

အမေရိကန်ရေတပ်သည် Arleigh Burke-class ဖျက်သင်္ဘောပေါ်တွင် Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ တပ်ဖြန့်အသုံးပြုခဲ့ကြောင်း The Defense Post သတင်းဌာနက သြဂုတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့ပါသည်။

ဤတပ်ဖြန့်ချထားမှုသည် အုပ်စုလိုက်ဒရုန်းတိုက်ခိုက်မှုများကို တန်ပြန်ချေမှုန်းနိုင်ရန်အတွက် နောက်ထပ်နည်းလမ်းတစ်ခု ထပ်မံအသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Ratheon ကုမ္ပဏီထုတ် Coyote ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းပစ်လွှတ်ရေးစနစ်ကို သင်္ဘောဘယ်ဘက်ခြမ်းရှိ Mk 41 ဒေါင်လိုက်ပစ်ဒုံးကျည်စနစ်နှင့် အခြားလက်နက်စနစ်များအနီး နေရာချထားခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ယခုကဲ့သို့ Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းသည် သင်္ဘောများကို အနိမ့်ပျံသန်းတိုက်ခိုက်လာနိုင်သော အသေးစားဒရုန်းရန်မှ ကာကွယ်ပေးနိုင်စွမ်းရှိစေမည်ဖြစ်သည်။ အဓိကအကြောင်းရင်းကတော့ အမေရိကန်ရေတပ်သည် ပင်လယ်နီဒေသတွင် ဟူသီအဖွဲ့၏ဒရုန်းနှင့် ဒုံးကျည်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာမှုကို ရင်ဆိုင်နိုင်ရန်အတွက်လည်း ဖြစ်နိုင်သည်။ ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများသည် အမေရိကန်စစ်သင်္ဘောများနှင့် ကုန်သွယ်ရေယာဉ်များ၏ လုံခြုံရေးကို ဆက်လက်ခြိမ်းခြောက်နေဆဲဖြစ်သည်။

Coyote ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းကိုစတင်တီထွင်စဉ်က ကင်းထောက်ရေးနှင့် အခြားကန့်သတ်ထားသော စစ်ဆင်ရေးများအတွက် အသုံးပြုရန် ရည်ရွယ်ခဲ့သည်။ နောက်ပိုင်းတွင် ရန်သူ့မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန်အတွက် ပြောင်းလဲအသုံးပြုခဲ့ခြင်းလည်းဖြစ်သည်။ ယနေ့ခေတ်စစ်ပွဲများတွင် ဒရုန်းများ အလျင်အမြန်ပျံ့နှံ့လာခြင်းကြောင့် ရန်သူ့ဒရုန်းများကို တိုက်ခိုက်ချေမှုန်းရန် ပိုပြီး အရေးတကြီးလိုအပ်လာသည်။ ထို့ကြောင့် Coyote ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် အမေရိကန်တပ်မတော်၏ထိပ်တန်းစစ်ရေးစွမ်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

Coyote ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများသည် အရွယ်အစားကျစ်လျစ်ပြီး ပြွန်ထဲကနေပစ်လွှတ်နိုင်သော စနစ်ဖြစ်သည်။ ထို့ကြောင့် ယာဉ်များ၊ သင်္ဘောများ သို့မဟုတ် စနစ်တစ်ခုလုံးကိုအလွယ်တကူ ဖြုတ်နိုင်တပ်နိုင်သော ဖွဲ့စည်းပုံစနစ်များမှ ပစ်လွှတ်နိုင်ပြီး လေထဲသို့ရောက်ရှိသည်နှင့် ၎င်း၏တောင်ပံများကို ဖြန့်ထုတ်ပျံသန်းနိုင်မည်ဖြစ်သည်။ Coyote Block 2 အမျိုးအစားတွင် အသေးစားအင်ဂျင်တပ်ဆင်ထားခြင်းကြောင့် ပိုမိုမြန်ဆန်ပြီး ပိုမိုဝေးလံသောနေရာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် ရန်သူ့ဒရုန်းများကို အာရုံခံပြီး လိုက်လံချေမှုန်းနိုင်သောစနစ် အာရုံခံကိရိယာလည်းပါဝင်သည်။ Coyote ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းသည် ကမ္ဘာတစ်ဝန်းတွင် အနည်းဆုံးဒရုန်းအစင်းရေ ၁၇၀ ထိ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း အမေရိကန်စစ်ဘက်က မှတ်တမ်းတင်ထားသည်ဟု သိရသည်။ ယခုနှစ်အစောပိုင်းတွင် Raytheon ကုမ္ပဏီသည် တက္ကဆက်ပြည်နယ် Fort Stockton တပ်မြို့ Nine Mile လေ့ကျင့်ရေးစခန်းတွင် ရဟတ်ယာဉ်ပေါ်မှ Coyote ကြားဖြတ်တိုက်ခိုက်ရေးများ ပထမဆုံးအကြိမ် ပစ်လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

Coyote Interceptor Seen Aboard US Navy Burke-Class Destroyer for First Timeကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့

အယ်လ်ဂျီးယားစ် သြဂုတ် ၁၉

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံ နက္ခတ္တဗေဒ၊ နက္ခတ္တဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ သုတေသနစင်တာ (CRAAG) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါလှုပ်ခတ်ခဲ့သည့်ငလျင်သည် သြဂုတ် ၁၈ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၁၁ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်သည် Tebessa ပြည်နယ် Negrine ၏ အရှေ့တောင်ဘက် ၁၀ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု CRAAG မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့လည်းပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံ တချို့အက်ကွဲ သွားခဲ့ရသည့်အတွက် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် လူအသေအပျောက်၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပစ္စည်းများပျက်စီးမှု စာရင်းအတိအကျကို ယနေ့တွင် စစ်တမ်းများ ကောက်ယူနေပြီဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို သြဂုတ် ၁၈ ရက်ကတည်းက လုပ်ဆောင်နေပြီဖြစ်ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံ မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် အင်အားသိပ်မပြင်းသော ငလျင်များလှုပ်ခတ်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုနှင့် လူအသေအပျောက်များသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ရေကြီးရေလျှံမှုကြောင့် မွမ်ဘိုင်းမြို့တွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေ

နယူးဒေလီ သြဂုတ် ၁၉

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး လမ်းမကြီးတချို့ ရေလွှမ်းနေသည့်အတွက် ယာယီပိတ်ထားရမှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်နေသည်ဟု အိန္ဒိယ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

မွမ်ဘိုင်းမြို့၏ နေရာတချို့တွင် မိုးရေချိန်မှာ ၁၄၀ မီလီမီတာ ထိမြင့်တက်နေပြီးမော်တော်ကားလမ်းများအပြင် မီးရထားလမ်းများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

ထို့ပြင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် ဧရိယာများရှိ စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ အချို့ စာသင်ကျောင်းများမှာ ရေဘေးအန္တရာယ်ဖြင့် လွတ်ကင်းသော်လည်းငင်စာသင်ကျောင်းသို့ သွားလာရန်အတွက် လမ်းမကြီးများ ရေလွှမ်းနေသည့်အတွက် ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများ သွားလာရေး အခက်အခဲရှိနေခြင်းကြောင့် ၎င်းစာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် နှစ်ထပ်လူနေအိမ်ခြေ အဆောက်အအုံတစ်လုံးရှိ လှေကားပြိုကျကာ ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးရှိခဲ့ကြောင်း၊ လူနေအိမ်ခြေများပါ ထိခိုက်လာသည့်အတွက် သြဂုတ် ၁၈ ရက်နှင့် သြဂုတ် ၁၉ ရက် တို့ကို ရေဘေးအန္တရာယ် အနီရောင်အဆင့် သတိပေးချက် သတ်မှတ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်။

"မွမ်ဘိုင်းမှာ ရွာသွန်းနေတဲ့ မိုးရွာသွန်းမှုဟာ တော်တော်လေး အန္တရာယ်များပါတယ်။ လမ်းတွေ ရေလွှမ်းပြီးတော့ ဆက်သွယ်သွားလာရေးလမ်းတွေလဲ ပြတ်တောက်နေပါတယ်။ မိုးရေချိန်ကလဲ အရမ်းမြင့်မားတဲ့အတွက် အခုလိုအချိန်တိုအတွင်း အန္တရာယ်ရှိတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်ရတာပါ။ သြဂုတ် ၁၈ ရက်နဲ့ သြဂုတ် ၁၉ ရက်ကို ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) မှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေးပညာရှင် တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အမေရိကန်နိုင်ငံ စိုက်ပျိုးမြေများတွင် ဆိုလာနှင့်လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း USDA က ထုတ်ပြန်

ဝါရှင်တန် သြဂုတ် ၁၉

အမေရိကန်နိုင်ငံ စိုက်ပျိုးမြေများတွင် ဆိုလာနှင့်လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း United States Department of Agriculture(USDA)ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံတွင် စိုက်ပျိုးမြေများ၌ ဆိုလာစွမ်းအင်နှင့် လေအားလျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းများကို ယခင်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း လက်ရှိအစိုးရအဖွဲ့က ဆိုလာစွမ်းအင်စနစ်နှင့် လေအားလျှပ်စစ်စီမံကိန်းများသည် လျှပ်စစ်စွမ်းအင်ကိုအကန့်အသတ်ဖြင့်သာ ရရှိနိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ်လည်း မြင့်မားသည့်အတွက် ၎င်းစီမံကိန်းများကိုရပ်ဆိုင်းရန် အိမ်ဖြူတော်အစိုးရက USDA ဌာနကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးမြေဧကသန်းပေါင်းများစွာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းကို ဆောင်ရွက်နေတဲ့အတွက် ဒီမြေတွေမှာစိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ဒီစီမံကိန်းတွေဟာ စိုက်ပျိုးရေးကဏ္ဍနဲ့ မြေဆီလွှာတွေကိုလဲ ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ အခုလို အစိုးရက ပရောဂျက်တွေကို ရပ်ခိုင်းလိုက်တာဟာ စိုက်ပျိုးရေးကဏ္ဍရဲ့ အနာဂတ်အတွက် အရမ်းကောင်းသလို လျှပ်စစ်စွမ်းအင်ကနေ ငွေကြေးကုန်ကျစရိတ် မြင့်မားမှုကိုလဲ လျော့ချနိုင်မှာ ဖြစ်ပါတယ်" ဟု United States Department of Agriculture (USDA) ဝန်ကြီးဌာန၏ အတွင်းရေးမှူးဖြစ်သူရိုလင်းက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ကနေဒါနိုင်ငံ Annapolis ကောင်တီတွင် တောမီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်

အော့တဝါ သြဂုတ် ၁၉

ကနေဒါနိုင်ငံ Annapolis ကောင်တီတွင် လောင်ကျွမ်းနေသည့်တောမီးကို လူအင်အားသုံး၍ ငြိမ်းသတ်ခဲ့ခြင်းကြောင့် သြဂုတ် ၁၈ ရက်တွင်ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့ကြောင်း Nova Scotia Department of Natural Resources (DNR) က ထုတ်ပြန်ခဲ့သည်။

အဆိုပါတောမီးသည် သြဂုတ် ၁၇ ရက် နေ့လယ်ပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီး လောင်ကျွမ်းမှုကြောင့် မြေဧရိယာ ၁၉၇၇ ဟတ်တာထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ တောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လာသဖြင့် လူနေအိမ်များအနီး ကူးစက်လာသည့်မီးများကို ဦးစားပေးငြိမ်းသတ်ခဲ့ရကြောင်း၊ ထို့ပြင် ဒေသခံများကိုလည်း မီးဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါတောမီးကို ငြိမ်းသတ်ရန် ဗဟိုမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင် ၇၇ ဦး၊ ဒေသခံ မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၂၀၊ Ontario ပြည်နယ် နှင့် Prince Edward Island ပြည်နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့ကို စေလွှတ်ကာ အင်အားသုံး၍ တောမီးကို ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကို မြေပြင်မှ မီးငြိမ်းသတ်ခြင်းအပြင် ဝေဟင်ကပါ မီးငြိမ်းသတ်ရန် ရဟတ်ယာဉ်များကိုလည်း အသုံးပြုထားကြောင်း၊ အဆိုပါတောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်သွားပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

စပိန်တောမီးထိန်းချုပ်ရခက်နေသည့်အတွက် သမိုင်းဝင် ကာမိနိုဒီဆန်တီယာဂိုပတ်လမ်းကို ယာယီပိတ်ထားကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်

မက်ဒရစ် သြဂုတ် ၁၉

စပိန်နိုင်ငံ တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေသောကြောင့် ဥရောပတိုက်၏ နာမည်ကြီး သမိုင်းဝင်ပတ်လမ်း ကာမိနိုဒီဆန်တီယာဂို ပတ်လမ်းကို ယာယီပိတ်ထားကြောင်း စပိန်ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စပိန်နိုင်ငံတွင် လက်ရှိ လောင်ကျွမ်းနေသည့် တောမီးသည် စပိန်နိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသောတောမီးလောင်ကျွမ်းမှုဖြစ်ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မဟာမိတ်နိုင်ငံများနှင့် ဥရောပသမဂ္ဂ အဖွဲ့အစည်းထံမှ အကူအညီများ တောင်းခံထားရကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ဇူလိုင်လနောက်ဆုံးပတ်မှ သြဂုတ်လ ဒုတိယပတ်အတွင်း အပူလှိုင်းဖြတ်သန်းခဲ့ပြီး စပိန်နိုင်ငံ၏ တတိယမြောက် အပူလှိုင်းအရှည်ကြာဆုံးဖြတ်သန်းမှုဖြစ်ကြောင်း၊ အပူချိန်ပမာဏမှာလဲ ၄၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း State Weather Agency Aemet က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"နှစ်ပေါင်း ၂၀ အတွင်းမှာ အခုလိုအရမ်းမြန်ဆန်တဲ့ တောမီးကူးစက်လောင်ကျွမ်းမှုနဲ့ မကြုံဖူးသေးဘူး။ တောမီးဟာ ကာမိနိုဒီဆန်တီယာဂို ပတ်လမ်းဘက်ကို ဦးတည်ပြီး ကူးစက်လောင်ကျွမ်းနေတဲ့အတွက် ကာမိနိုဒီဆန်တီယာဂို ပတ်လမ်းကို ယာယီပိတ်ထားပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေတဲ့ လက္ခဏာတွေကလဲ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေခြင်းကို သက်သေပြနေပါတယ်" ဟု စပိန်ကာကွယ်ရေးဝန်ကြီး မာဂါရီတာက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ရာဇသတ်ကြီးပုဒ်မ-၄၀၆ ဆိုသည်မှာ

စိန်လှိုင်ဗိုလ်

ရာဇသတ်ကြီးပုဒ်မ-၄၂၀ သည် လိမ်လည်မှု ပြုလုပ်သူအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ဖြစ်ပြီး ရာဇသတ်ကြီးပုဒ်မ-၄၀၆ သည် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ဖြစ်ပါသည်။ မူလရုံးတွင် တရားလိုက ရာဇသတ်ကြီးပုဒ်မ-၄၂၀ အရ တိုင်ကြားစွဲဆိုသောအမှုကို မူလရုံးက ပုဒ်မ-၄၀၆ အရ စွဲချက်တင်ခဲ့သည်။ တရားရုံးချုပ်ကလည်း ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ အတည်ပြုခဲ့သော အမှုတစ်ခုရှိပါသည်။ မည်သည့် အတွက်ကြောင့် ၄၀၆ သို့ ပြောင်းလဲသွားရခြင်းအကြောင်းကို ဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

အမှုဖြစ်စဉ်အကျဉ်း

ဦးသိန်းဇံသည် ကြံတိုင်းအောင်ကုမ္ဍဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သည်။ ၎င်းကုမ္ဍဏီသည် ဂျပန်နိုင်ငံမှ တာစိုနှင့် ဒိုဘီပေါ်ပလင်များကို မှာယူရန် လိုင်စင်ရသောကုမ္ဍဏီဖြစ်သည်။ ထိုကုမ္ဍဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးသိန်းဇံက ဦးသန်းမောင်ထံသို့ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်ကလာရောက်ပြီး လိုင်စင်များကိုပြသ၍ ကုမ္ဍဏီကမှာယူသောပစ္စည်းများ ဆိပ်ကမ်းရောက်လျှင် ဦးသန်းမောင်ကိုရောင်းချမည်ဟုပြော၏။ ဦးသန်းမောင်ကလည်း ယုံကြည် သဖြင့် စရံငွေအဖြစ်ဖြင့်ငွေကျပ် ၇၈၇၅ ကို ပေးအပ်လိုက်သည်။

ထို့နောက် ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဦးသိန်းဇံသည် ဦးသန်းမောင်ထံသို့ တစ်ဖန်လာရောက်ပြီး မှာလိုက်သည့်ပစ္စည်းများ ရောက်လာ၍ ၎င်းပစ္စည်းများကိုရွေးရန် နောက်ထပ်ငွေလိုနေသောကြောင့် ငွေကျပ် ၁၇၅၀၀ ကို တောင်းရာ ဦးသန်းမောင်က ဦးသိန်းဇံကို ထပ်မံပေးလိုက်သည်။ ဦးသန်းမောင် ပေးအပ်သောငွေနှင့် ဦးသိန်းဇံသည် ဂျပန်နိုင်ငံမှ ရောက်ရှိလာသော အထည်အလိပ်များကိုရွေးယူပြီး မူလက အထည်များ ရောင်းမည်ဟူသော ပဋ္ဌိညာဏ်ကိုဖောက်ဖျက်၍ ဦးသန်းမောင်ကို အထည်အလိပ်များကို မပေးဘဲ အခြားသူများသို့ ရောင်းစားလိုက်လေသည်။

ရန်ကုန်မြို့ အရှေ့ပိုင်နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-(၄၀၀) တွင် ဦးသန်းမောင်က ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၂၀ အရ တရားစွဲဆိုခဲ့သည်။ တရားရုံးက ထိုအမှုတွင် တရားလိုပြသက်သေရှစ်ယောက်၏ ထွက်ချက်များနှင့် တင်ပြထားသော သက်သေခံစာရွက်စာတမ်းတို့အပေါ်တွင် ချင့်ချိန်ဝေဖန်သုံးသပ်ပြီး တရားခံဦးသိန်းဇံအပေါ် စွဲချက်တင်နိုင်လောက်သော သက်သေခံချက်များရှိသည်ဟုယူဆကာ ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ခဲ့ပါသည်။ ထိုကဲ့သို့ စွဲချက်တင်သောအမိန့်ကို မကျေနပ်သဖြင့် ပယ်ဖျက်စေခြင်းငှာ တရားရုံးချုပ်သို့ ထောက်ခံပေးပါရန် ဦးသိန်းဇံက ရန်ကုန်မြို့၊ ဟံသာဝတီနှင့် ရန်ကုန်ခရိုင်စက်ရှင်တရားသူကြီးရုံး ၁၉၆၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-(၉၁) တွင် ပြင်ဆင်လျှောတင်သွင်းခဲ့သည်။ စက်ရှင်တရားသူကြီးက အောက်ရုံးအမှုတွဲကို လေ့လာသုံးသပ်၍ နှစ်ဖက်သော ရှေ့နေကြီးများကို ကြားနာပြီးနောက် မူလရုံးက ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ တင်ထားသောစွဲချက်ကို ပယ်ဖျက်ပေးပါရန် ထောက်ခံခဲ့ပါသည်။

တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ပြင်ဆင်ရန်လျှောက်ထားသူ၏ ရှေ့နေက ဦးသန်းမောင်စွပ်စွဲသည့်အတိုင်း ဦးသိန်းဇံ၏ ပြုမူချက်သည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှုတွင် အကျုံးမဝင်ပါကြောင်း၊ အထည်များကိုရောင်းမည်ဆိုပြီး မရောင်းခြင်းကြောင့် ကတိပဋ္ဌိညာဏ်ကိုသာလျှင် ဖောက်ဖျက်ရာကျသဖြင့် ယခုလို ဦးသိန်းဇံအပေါ် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှုဖြင့် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ထားခြင်းမှာ မှားယွင်းပါကြောင်း စက်ရှင်တရားသူကြီး၏ ထောက်ခံ

တင်ပြချက်ကိုထောက်ခံ၍ လျှောက်လဲတင်ပြခဲ့ပါသည်။

လျှောက်ထားခံရသူ ဦးသန်းမောင်က ရုံးသို့ကိုယ်တိုင်လာရောက်၍ လျှောက်လဲသည်။ ၎င်းက ဦးသိန်းဇံသည် ဂျပန်နိုင်ငံမှမှာသော အထည်အလိပ်များကို မြန်မာနိုင်ငံသို့ရောက်လာလျှင် မိမိကို ရောင်းမည်ဆိုသဖြင့် မိမိက ဦးသိန်းဇံကိုပထမအကြိမ် ငွေကျပ်ခုနစ်ထောင်ကျော်နှင့် ဒုတိယအကြိမ်ငွေကျပ် ၁၇၅၀၀ တို့ကို ၎င်းကိုယုံကြည်သဖြင့် ပေးအပ်ခဲ့ကြောင်း၊ အထည်အလိပ်များရောက်ရှိ၍ မိမိက ပေးထားသည့်ငွေများနှင့် ရွေးပြီးယူသော်လည်း မိမိကို မူလပဋ္ဌိညာဏ်ပြုထားသည့်အတိုင်း အထည်အလိပ်များကိုမရောင်းဘဲ အခြားသူများကို ရောင်းချလိုက်ခြင်းကြောင့် ဦးသိန်းဇံသည် မူလပဋ္ဌိညာဉ်ကို ဖောက်ဖျက်ပါသဖြင့် မူလရုံးက ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ထားခြင်းမှာ မှန်ကန်ပါသည်ဟု လျှောက်လဲတင်ပြခဲ့ပါသည်။

အစိုးရဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက စက်ရှင်တရားသူကြီး၏ ထောက်ခံတင်ပြချက်ကို လက်မခံနိုင်ပါကြောင်း၊ ဤအမှုတွင် ဦးသိန်းဇံသည် ဦးသန်းမောင်က ယုံကြည်အပ်နှံ၍ ပေးထားသောငွေများကို ကတိပဋ္ဌိညာဏ်အတိုင်း မဆောင်ရွက်ဘဲ ဆန့်ကျင်စွာဆောင်ရွက်သဖြင့် ရာဇသတ်ကြီးပုဒ်မ-၄၀၅ တွင် အကျုံးဝင်နေသောကြောင့် ယခုလိုရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ ဦးသိန်းဇံအပေါ် စွဲချက်တင်ခြင်းမှာ မှန်ကန်သည်ဟု လျှောက်လဲတင်ပြခဲ့ပါသည်။

တရားရုံးချုပ် တရားသူကြီးသည် အမှုကို အသေးစိတ်လေ့လာ၍ ဥပဒေအချက်အလက်များနှင့် ပတ်သက်၍လည်း အသေးစိတ်စိစစ်သုံးသပ်ခဲ့ပါသည်။ ယခုအမှုတွင် ဦးသိန်းဇံအပေါ် မူလရုံးက ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ခြင်းဖြစ်သည်။ ထိုသို့ စွဲချက်တင်ခြင်းမှာလည်း တရားလိုပြသက်သေများနှင့် တင်ပြထားသော စာရွက်စာတမ်းများကို ကြည့်ရှုပြီး ဦးသိန်းဇံအပေါ် ထိုသို့ စွဲချက်ဖြင့် တင်နိုင်လောက်အောင် အကြောင်းခြင်းရာများ ပေါ်ပေါက်သည်ဟုယူဆပြီး တင်ထားသော စွဲချက်ဖြစ်သည်။ စွဲချက်တင်ထားရုံမျှဖြင့် အမှုမှာ အပြီးသတ်မရောက်သေးပေ။ စွဲချက်တင်ထားရုံမျှနှင့်လည်း တရားခံမှာ အပြစ်ရှိသည်ဟု မဆိုနိုင်ပေ။ ထိုသက်သေများ၏ ထွက်ဆိုချက်နှင့် သက်သေခံစာရွက်စာတမ်းများအရ ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်ထားခြင်းမှ မှန်၊ မမှန်ဆန်းစစ်ရန် လိုပေသည်။ ထိုသို့ဆန်းစစ်ရာ၌ ရာဇသတ်ကြီးပုဒ်မ-၄၀၅ ကို ဖော်ပြသော ရာဇဝတ်မကင်းသည့် ယုံကြည်အပ်နှံခြင်းဖောက်ဖျက်မှု၏ အဓိပ္ပာယ်ကို ဖော်ပြရန် လိုအပ်ပေသည်။ ၎င်းပုဒ်မမှာ ဤသို့ဆို၏။

၄၀၅။ ။ မည်သူမဆို ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိပစ္စည်းအဖြစ် ပြောင်းလဲလျှင် သို့တည်းမဟုတ် ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်နည်းလမ်းကို ပြဋ္ဌာန်းသည့် ဥပဒေ ညွှန်ကြားချက်ကို ကျူးလွန်၍သော်လည်းကောင်း၊ ယုံကြည်အပ်နှံခြင်းခံရသည့်အတိုင်း ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြစ်စေ၊ မိမိချုပ်ဆိုသော ဥပဒေနှင့်ညီသည့်ပဋ္ဌိညာဏ်ကို ကျူးလွန်၍သော်လည်းကောင်း ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခြင်းကို သို့တည်းမဟုတ် စီမံခန့်ခွဲခြင်းကိုပြုလျှင် သို့တည်းမဟုတ် အခြားသူက ထိုသို့ပြုသည်ကို တမင်ခွင့်ပြုလျှင် ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အထူးသဖြင့် ဤအမှုနှင့်သက်ဆိုင်သော **"မိမိချုပ်ဆိုသော ဥပဒေနှင့်ညီသည့်ပဋ္ဌိညာဏ်ကို ကျူးလွန်၍သော်လည်းကောင်း"** ဟူသောစကားရပ်ကို လေးနက်စွာ စဉ်းစားရန်လိုအပ်ကြောင်း တရားရုံးချုပ်က ထောက်ရှုဝေဖန်ခဲ့ပါသည်။

ယခုအမှုတွင် ဦးသိန်းဇံက ဦးသန်းမောင်ထံ သွားရောက်ပြီး ဂျပန်နိုင်ငံမှ မှာယူထားသော အထည်အလိပ်များနှင့်ပတ်သက်၍ မြန်မာပြည်သို့ ရောက်ရှိလာပါက ရောင်းပါမည်ဟုပြောဆိုပြီး ငွေကိုတောင်းဆိုရာ၌ ဦးသန်းမောင်ကလည်း ယုံကြည်၍ ဦးသိန်းဇံကို ထိုငွေကိုအပ်နှံလိုက်ခြင်းဖြစ်ပေသည်။ ထိုသို့အပ်နှံပြီးနောက် ပစ္စည်းများရောက်ရှိလာသော အခါ ဦးသန်းမောင်ကို ဦးသိန်းဇံက နှုတ်ဖြင့်ချုပ်ဆိုသည့် ထိုဥပဒေနှင့်ညီသည့် ပဋ္ဌိညာဏ်အတိုင်း ဆောင်ရွက်ရန်ဖြစ်ပေသည်။ ယခုအမှုတွင် ပေါ်လွင်နေသည်မှာ ဦးသိန်းဇံသည် ထိုဥပဒေနှင့်ညီသည့် ပဋ္ဌိညာဏ်ကိုကျူးလွန်၍ ရောက်ရှိလာသော အထည်အလိပ်များကို ဦးသန်းမောင်ကိုမပေးဘဲ အခြားသူများသို့ မိမိကိုယ်ကျိုးအတွက် မရိုးမဖြောင့်သော သဘောဖြင့် ရောင်းစား၍ သုံးစွဲလိုက်ခြင်းဖြစ်သည်ဟု ပေါ်လွင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် မူလရုံးက ဦးသိန်းဇံအပေါ် ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရ စွဲချက်တင်သည်ဟု ယူဆကြောင်း၊ စက်ရှင်တရားသူကြီးရှေ့တွင် ဦးသန်းမောင်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီးက ထိုကဲ့သို့ စွဲချက်တင်ခြင်းမှာ မှားယွင်းသည်ဟု ဝန်ခံသည်ဆိုသော်ငြားလည်း တရားရုံးချုပ် တရားသူကြီးရှေ့တွင် ဦးသန်းမောင်ကိုယ်တိုင်ကသော်လည်းကောင်း၊ အစိုးရရှေ့နေကြီးကသော်လည်းကောင်း စွဲချက်တင်ထားခြင်းမှာ မှားယွင်းပါသည်ဟု ဝန်ခံမသွားကြပေ။ ထိုကဲ့သို့ စွဲချက်တင်ခြင်းမှာ မှန်ကန်ပါသည်ဟု တင်ပြသွားကြောင်း၊ ဤရုံးအနေဖြင့် အမှုမှန်ပေါ်ပေါက်ရေးမှာ အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အထက်တွင် မြွက်ဟခဲ့သည့်အတိုင်း ဦးသိန်းဇံသည် နှုတ်အားဖြင့်ပြောဆိုသော ဥပဒေနှင့်ညီသည့် ပဋ္ဌိညာဏ်ကို ကျူးလွန်ရာရောက်နေသဖြင့် ၎င်းအပေါ် ဆိုခဲ့ပြီးသော စွဲချက်ကိုတင်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်သဖြင့် ဦးသိန်းဇံအဖို့ မှာလည်း ဤကဲ့သို့ ၎င်းအပေါ် စွဲချက်တင်ခြင်းအားဖြင့် ၎င်းကိုယ်တိုင် အမှုမှန်ပေါ်ပေါက်ရေးနှင့် ပတ်သက်၍ ပြောဆိုချေပနိုင်သောအခွင့်အရေးများ ရရှိနိုင်ပေကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးသိန်းဇံအပေါ် မူလရုံးက ရာဇသတ်ကြီးပုဒ်မ-၄၀၆ အရစွဲချက်တင်ထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် စက်ရှင်တရားသူကြီး ထောက်ခံတင်ပြချက်ကို အတည်မပြု၊ လက်မခံနိုင်ဘဲ မူလရုံးက ဤအမှုကို ဆက်လက်စစ်ဆေးသွားရန် အမိန့်ချမှတ်လိုက်သည်။ **ဦးသိန်းဇံ (ပြင်ဆင်ရန်လျှောက်ထားသူ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဦးသန်းမောင် (ပြင်ဆင်ရန်လျှောက်ထားခံရသူ) ၁၉၆၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၄၀(ခ)** အမှုစီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဇကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ကျောက်မြောင်း ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဇကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှု အနေနဲ့ကတော့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကပြောပြ၍ သိရသည်။

(၂၀၆)

ကြံခင်းမြို့နယ် ရွှေကျွန်းတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ကြံခင်း ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွှေကျွန်းတောကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့် အတူ ရွှေကျွန်းတောကျေးရွာ၌ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးမြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ်ရွှေကျွန်းတောကျေးရွာ၌တစ်ဖက်လျှင် အရှည် ပေ ၇၂၀၊ အကျယ် ၃ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သံသာ**

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးအနုများ တင်ပို့မှု ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လ ထဲမှာ ကွမ်းသီးအနု ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာ ကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့ခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၃၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ အခုလို ကွမ်းသီးအနုတွေ အရောင်းအဝယ် ကောင်းနေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေတာတွေ့ရပါတယ်"ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုများကို အရောင်းအဝယ်ပြုလုပ်နေကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ပျော်ဘွယ်မြို့နယ် ပဲ့ကန်(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ပျော်ဘွယ် ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် စပယ်ကုန်းကျေးရွာအုပ်စု ပဲ့ကန်(မြောက်)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များ စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ပဲ့ကန်(မြောက်)ကျေးရွာ၌ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ကော့သောင်းမြို့နယ် ဘန်ကချန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း စစ်ဆေး

ကော့သောင်း ဩဂုတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့သောင်းမြို့နယ် ဘန်ကချန်ကျေးရွာ၌ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး လက်တူးတွင်း တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၈ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့် အတူ ဘန်ကချန်ကျေးရွာ ကျေးလက်ရေရရှိရေး လက်တူးတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဘန်ကချန်ကျေးရွာ၌ အကျယ်ခြောက်ပေ၊ အမြင့် ၃၅ ပေရှိ လက်တူးတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၂၁ ဒသမ ၉ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ ဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သီပွံ** ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဟဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)



CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းရီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေရှိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ် ၈၀၀၊ ညောင်ကုက္ကား၊ ဦးပိုင်အမှတ်-F-256 ၂၀၀၁/၂၀၀၂၊ ဧရိယာ(၀.၆၅၀)ဧက အကျယ်အဝန်းရှိဒေါ်ခင်ဝင်းပါ(၅)မောင်အောင်ကျော်ဦး၊ မောင်မောင်မောင်ဦး၊ မမော်မော်ဦး၊ မချိုပြုံး၊ အမည်ပေါက်ဂရန်မြေကွက်မှ ဦးမောင်မောင်ဦးမှာ ခွဲစိတ်ဂရန်(၀.၀၂၇၅)ဧက အကျယ်အဝန်းကို ရောင်းချသူမှ ဥပဒေနှင့်အညီ ပိုင်ဆိုင်ထားပြီး အထက်ပါနှစ်(၃၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်ဝင်းပါ(၅) အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်ဦးမှ လက်ဝယ်ထားရှိပိုင်ဆိုင်သည့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်တော်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထက် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၅၇)
နယ်မြေ(၃)ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့။
09-778833045၊ 09-678566662

ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၁၃)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်စိုင်းကိုကို၏ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးမင်းအောင်ဖြစ်ပါကြောင်း။

ဦးမင်းအောင်(၉/ပကခ(နိုင်)၀၁၉၁၄၃)

ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ နောင်နန်းကျေးရွာနေ ဂျိုးဇက်ဘွန်မြတ်(ဘ) ဦးလကျမ်ဇေခေါင်(၁/မကန(နိုင်)၂၇၉၂၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-831736)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-759652881

ပျောက်ဆုံးကြောင်း

ပူတာအိုမြို့၊ မကျေးဝါကျေးရွာနေ ကျော်စွာအောင် (ဘ) ဦးကျော်ဝင်း(၇/ရတန(နိုင်)၀၇ဖ၁၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-153040)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-678071224

အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Star Light Private Middle School၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်အောင်ထွန်း၏သားမောင်နေပြည်သွေးအား မောင်ဘုန်းမြတ်ထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမြတ်ထွန်း**

အဖိုးတန်ရေချိုကို ချွေတာပါ

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ရှိနေကြောင်း...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာ စကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြောကြားစဉ်။

နေပြည်တော် သြဂုတ် ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့သာသနာ့ဗိမာန်တော်ရှိဦးသြဘာသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမရရှိသူနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

နှောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ- ၂၁

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ထိန်းချုပ်ရရှိ၊ မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ- ၂၂

MYAWADDY TRADING LIMITED

ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257